မိုးကြယ်ဝါဒဇြဲအနုပညာ
mgyoe.com

# ခင်နှင်းယု

# မင်းမသိတာတွေရှိသေးတယ်


ဝတ္ထုတိုများ

ဝတ္ထုတိုပေါင်းချုပ်များတွင် မပါရှိသေးသော ထပ်မံရှာဖွေစုစည်းမှုအသစ်။



mgwoe.com





# ခင်နှင်းယု

## မင်းမသိတာတွေရှိသေးတယ်

ဝတ္ထုတိုများ

ဝတ္ထုတိုပေါင်းချုပ်များတွင်
မပါရှိသေးသောထပ်ပံရှာဖွေ
စုစည်းမှုအသစ်။

KHY0033
3,000.00KS

mgwoe.com

mgyoe.com

မင်းမသိတာတွေရှိသေးတယ်ဝတ္ထုတိုများ၊ ခင်နှင်းယု
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၉၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ

## ကဗျာ


| | | |
|---|---|---|
| ၁။ | ကြားဖူးကြမှာပေါ့ | ၁ |
| ၂။ | ဘယ်လိုဆုတောင်းကြောင်းကံရယ် | ၃ |
| ၃။ | သခင့်နယ်မြေ | ၅ |
| ၄။ | အိမ်ပြန်ချိန်မှာ | ၇ |


## ဝတ္ထုတိုများ


| | | |
|---|---|---|
| ၁။ | တပို့တွဲလဆန်းတစ်ရက် | ၉ |
| ၂။ | ဘုတ်ဆုံမင်္ဂလာဆောင် | ၂၇ |
| ၃။ | တစ်စခန်းဖြင့် သိမ်းပေပြီ | ၃၉ |
| ၄။ | ဝံပုလွေနှင့် သိုးငယ် | ၅၇ |
| ၅။ | လက်နက်မချလိုသူ | ၇၃ |
| ၆။ | အသေးအဖွဲ | ၈၇ |
| ၇။ | ပန်းမဥ္ဇူ၏ ငိုကြွေးခန်း | ၉၇ |
| ၈။ | မင်းမသိတာတွေ ရှိသေးတယ် (၁) | ၁၁၇ |
| ၉။ | မင်းမသိတာတွေ ရှိသေးတယ် (၂) | ၁၂၇ |
| ၁၀။ | မယားရယ်၏ | ၁၄၃ |
| ၁၁။ | ချောင်းကလေး | ၁၅၇ |
| ၁၂။ | အိုခြင်း | ၁၇၅ |
| ၁၃။ | ကျွန်တော့်အလှည့် | ၁၈၁ |
| ၁၄။ | မုန့်လက်ကောက်နှင့် သစ်စေ့ | ၁၈၉ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ကြားဖူးကြမှာပေါ့

ပန်းသီးတစ်လုံး
နှစ်သိန်းလေးသောင်း
ထုပေါင်းယူဇနာ
ကမ္ဘာမြေထက်
သူကြွေသက်ရုံနှင့်
ထက်အောက်သိမ်းကျုံး
နှစ်ဆယ့်သုံး နှစ်ပိုင်းတစ်ပိုင်း
ဒီဂရီလှိုင်း လမ်းကြောင်း
ပိုလို့တိမ်းစောင်း
မပြောင်းလဲပါဘူး။
သစ်တစ်ရွက်
ရွှေရောင်ရင့်ဘက်
ကိုင်းထက်မှခွာ
သမုဒ္ဒရာကြော
ကြွေလျှောကျရုံနှင့်
မဖြုံအဏ္ဏဝါ
လေးစင်းရာဇာမှာ

ဂယက်ရာ လှိုင်းရာ
ခြေရာစင်းမျှ
မထပါဘူး။
ဆီးစေ့တစ်စေ့
ယူဇနာပေါင်း
ရှစ်သောင်းလေးထောင်
နှစ်ပြန်ဆောင်သတဲ့
အခေါင်ဗဟိုရဲ
တောင်မြင့်မိုရ်ကို
မလိုစိတ်ဖောက်
သူနှင့်ပေါက်လည်း
မှဲ့တစ်ပြောက်စာ
ကျောက်သေလာမှာ
ဝေဒနာမခပါဘူး။
ဒါပေမဲ့လည်း
ကြားဖူးကြမှာပေါ့
အညာမြေထူး

mgyoe.com

mgyoe.com

ညောင်ဦးကမ်းပါး
ပြိုကျသောအခါ
အုံ့ဖွယ်ဘာနန်း
တောင်ဝှမ်းရုံခ
စမ္ဗာနဂိုရ်
မြို့ဗဟိုရ်မှာ
နို့ချိုဆက်ပေး
နွားမလေးတစ်ကောင်
ပေါင်ကအရိုး
ပိုင်းပိုင်းကျိုးသတဲ့။ ။

ချမ်းမြေ့ရွှင်လန်းပါစေ
ခင်နှင်းယု
၇ - ၂ - ၉၀

စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၀။

■

mgyoe.com

mgyoe.com

# ဘယ်လိုဆုတောင်း ကြောင်းကံရယ်

ငါ့ဘဝမှု

သာစွချမ်းမြေ့၊ ညင်းလေတွေ့သော်
ထေ့ထေ့ကြည်မော၊ တီးတိုးပြောဟန်
အတွေးလျှံခဲ့။

ငါ့ဘဝမှု

ငွေစင်ယိုဖိတ်၊ လမင်းရိပ်ဝယ်၊ တွေးစိတ်နှစ်မြော၊ တောမသတ်နိုင်၊ ဆုံးမတိုင်ခဲ့။

ငါ့ဘဝမှု

တောစသောင်ကမ်း၊ ရေယက်ဝှမ်းနှင့်၊ ပန်းကိုတွေ့တွေ့၊ လူကိုတွေ့လည်း၊ မျိုးလေ့ဘာသာ၊ ဝဲယာသင်းပင်း၊ ချစ်ရင်းစိတ်သွင်၊ ရင်တွင်ရှိမျှ၊ ပွင့်လင်းစွတည့်၊ နောက်မှချုပ်ခြေ၊ ရန်သူလေလော၊ ချစ်သူလောဟု၊ စောကြောမလို၊ မျက်သိုမရှိ၊ ကျယ်ဝန်းဘိ၏။

သူ့ဘဝမှု

ညင်းသက်လေသွေး၊ ပန်းဖွေးဖွေးနှင့်၊ တောရေးတောင်ရိပ်၊ သောင်ကမ်းထိပ်ဝယ်၊ ဖိတ်ဖိတ်ရွှန်းမြ၊ ငွေမင်းလကို၊ မြင်ရသော်တည့်၊ စိတ်ပြည့်စွမ်းအား၊ ခံစားစရာ၊ ခွင့်မသာခဲ့။

mgyoe.com

mgyoe.com

သူ့ဘဝမူ

လှပသောည၊ ချမ်းမြသောနေ့၊ ဆွေးမြေ့သောခါ၊ ကြည်သာသည့်ခိုက်၊ မလိုက်ပါချေ၊ လေပင်ထန်ထန်၊ မိုးလျှံမစဲ၊ နေမင်းကျဲလည်း၊ မြဲသည်သတိ၊ စက္ကန့်ရှိမျှ၊ ရန်စရန်ငူး၊ မကြူးမီခင်၊ အသင့်ပြင်ရ၊ တဒင်္ဂလည်း၊ တသစရာ၊ မလစ်ပါခဲ့။

သြော်.... သူနှင့်ငါမူ၊ သံသာတစ်ကွေ့၊ ကြုံပေ့ကြုံတောင်း၊ ရှေးဆုနှောင်းသည်၊ မကောင်းသည်သို့၊ ကောင်းသည်သို့။ ။

(စစ်သူသခင်သို့)

မတ်၊ ၁၉၆၉။

■

mgyoe.com

mgyoe.com

# သခင့်နယ်မြေ

"လောကီမှာ လောကီအလိုက်ပေပေါ့
အထိုက်ကြင်ဖော်နဲ့
ပျော်ပျော်နေ ရှင်ပျစမ်းပါတဲ့
ငယ်ကျွမ်းသူ ဆိုလေတော့
သူ့နယ်မြေ တစ်ထောက်စခန်းကိုဖြင့်
လှမ်းခဲ့ရ အမိငယ်။
မမ မောင်မောင် ဖျဖျခေါင်ခေါင်
သံယောင်ကြော့တွေက
မော့သူကို ချော့မြူမြှားသည်သို့
ဝင်စားကာ သည်းခြေကြိုက်လျှင်ဖြင့်
အငိုက်ဖြင့် မိလောက်တယ်။
ပပရှိန်းရှိန်း စသိမ်းမှာလည်း
မျက်စိဖြင့် ကျိန်းလောက်ဖွယ်
သူတို့နယ်ကတော သာတင့်မဆုံး။
အကယ်၍သာပ
ကျွန်မေ့ကာ အပျော်ကြူးပါလို့
မူးလိုက်မယ် အတွေ့သွမ်းရယ်နဲ့
နတ်ဝင်သည် အကရမ်းသည်သို့
"ခြေလွတ်လျှင် သခင်ဖမ်းမည်လား"
အဆန်းကျွန်ဆိုလေမှ
မဖြေသာ သည်တစ်ခွန်းကိုကွယ်
ညွှန်းလို့သူပြုံး။ ။

ဖေဖော်ဝါရီ၊ ၁၉၆၈။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အိမ်ပြန်ချိန်မှာ

(၁)
"သူ့မှာကျွန့်တွက်
တစ်ဆံ့ရွက်မျှ
ချစ်သက်ချစ်ငွေ့
မကျန်၍"
ဘဝဝတ်မှုန်
ရန့်ထုံစ
ချိုမြရွှန်းလက်
ကဗျာခက်ကို
သိုဝှက်ရင်မှာ
ထားခဲ့၏။

(၂)
"ငါ့မှာမူကား
ခရီးကြားဝယ်
ခဏနားသည့်
အပန်းဖြေရာ
ကွန်းမျှသာတည့်"
ပုံပမာနှင့်
ဆရာဖွဲ့သွယ်
ကဗျာနွယ်သည်
ရင်ဝယ်ပိုက်ထွေး
အတွေးလှလှ
မေ့မရခဲ့။

(၃)
ယနေ့မှာမူ
ကာလကြာညောင်း
နေ့ဟောင်းညအို
တိမ်ညိုကြာခြည်ရိပ်
လမင်းတံခါးပိတ်လို့
အနောက်ကွန်းမှာ
အိပ်ချေပေါ့။

(၄)
အိမ်ပြန်ချင်ပြီ
လှမ်းမည်အလုပ်
ဆရာရေးသည့်
ကဗျာတေးနှစ်ပုဒ်
ရင်ကိုလှုပ်ခါ
စာနာမိခဲ့။

(၅)
"တစ်ဆံ့ရွက်စာ
ချစ်သပြာကို
တိုထွာသောသူ
ကန္တာကြောမှာ
အမောဖြေပြီး
ခရီးဆက်ခွာ

mgyoe.com

mgyoe.com


တစ်ထောက်ကွန်းကို
မလွမ်းသောသူ"
ကျေးဇူးပန်းခက်
ရက်စက်ခြေမွ
မြေချတက်နင်း
သနားကင်းသူ
ဥပေက္ခာမင်းမူလို့
သရဖူဆောင်းပြီပေါ့။

(၆)
မယ်ဇလီပင်အောက်
ပေါက်လာတမာခါး
ပျားသကာလို
ရင်မှာထားလို့
ကိုယ်နားခဲ့ရာ
မြကွန်းသာဝယ်
မေတ္တာမီးအိမ်
အိမ်ပြန်ချိန်မှာ
ထွန်းခဲ့ပါ၏။

(၇)
နေ့ဦးဇကရီ
မြကေသီထက်
နှင်းဆီခက်တို့
ရွှန်းလက်ပြီကော
တောမှော်ရုံနန်း
အိမ်ပြန်မှန်းလို့
ကိုယ် လမ်းဆက်
ရပါဦးမည်။
(ဆရာမင်းသုဝဏ်သို့)

ချမ်းမြေ့ရွှင်လန်းပါစေ
ခင်နှင်းယု
၅ – ၈ – ၈၇
မိုးဝေမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၇။

■

mgyoe.com

mgyoe.com



# တပို့တွဲလဆန်းတစ်ရက်

ဆရာ့မှာ နေ။

ကျွန်မမှာ လ။

အကယ်၍သာ ကျွန်မသည် ကဗျာစာဆိုတစ်ဦးဖြစ်ခဲ့လျှင် အထက်ပါ စကားလုံးအတိုင်း အစချီ၍ ကဗျာတစ်ပုဒ်စပ်မိမည် ဖြစ်ပါသည်။ စိတ်ထဲမှာ ထိုကဗျာကို စပ်ချင်သည်မှာ ကြာပေပြီ။ တကယ်ဆိုတော့လည်း ဆရာ့မှာ နေမင်းဖြစ်၍ ကျွန်မမှာ လဝန်းသာတည်း။

ဆရာ့တွင် ကိုယ်ပိုင်အရောင်ရှိသည်။ ဆရာသည် နံနက်တွင် ထွက်ပေါ်၍ ညနေစောင်းလျှင် ခေတ္တလျှိုကာ ညောင်ညိုရိပ်မှာ တစ်ထောက်နားသည်။ တစ်မိုးသောက်သော် ဆရာသည် သူ့ခရီးကို စတင်ထွက်ပြန်သည်။

ကျွန်မမှာ ဆရာနှင့်အတူ လိုက်ပါလိုသော်လည်း ဆရာနှင့် ယှဉ်၍ မလိုက်နိုင်။ နေ့လယ်တွင် သူ၏ ကိုယ်ပိုင်အလင်းရောင် ထွန်းချိန်ဝယ် ကျွန်မမှာ ဆရာ့ကိုယှဉ်၍ မလင်းသာ။ ညဉ့်ဦးခရီးကို ရောက်သောအခါမှ ဆရာ့အရောင်ဟပ်၍ လောကဓာတ်ကို လင်းရသူပါတည်း။ စင်စစ်တော့ ကျွန်မတွင် ကိုင်ပိုင်အရောင်အလင်း မရှိပါပေ။

လဝန်း၏ အေးမြသော တစ်ဘာသာထူးသည့်အငွေ့ကြောင့် မြင်ရသူက ချစ်ခင်လိုလားပါသော်လည်း လဝန်း၏ အေးမြသောရောင်ခြည်မှာ နေမင်းက အရောင်ဟပ်မှ တန်ပြန်၍လင်းနိုင်သော အရောင်အလင်းသာတည်း။

သြော်.... ဆရာ့မှာ နေမင်းဆန်၍....

ကျွန်မမှာ လဝန်းဆန်သူသာတည်း။

mgyoe.com

mgyoe.com

ကျွန်မသည် ခဏခဏတွေးမိ၏။ ဤနေနှင့်လတို့သည် ဘဝအကြောင်း မကောင်းကြသည့်သာတကား။ ဩကာသလောကတွင် ခရီးသွားဖော် ဖြစ်ကြပါသော်လည်း တစ်ဦးနိုးချိန်တွင် တစ်ဦးက ရပ်နား၍ တစ်ဦးက စက်ရာက ထသည့်အခါတွင်မှ တစ်ဦးမှာ ညောင်ညိုရိပ်တွင် အပန်းဖြေ၍ အိပ်ရသည်။ ဤလောကအား တန်ဆာဆင်၍ လျှောက်ရသူချင်းတူတူ.... ဘာဖြစ်၍များ အတူယှဉ်၍ မသွားနိုင်ပါသနည်း။

နေနှင့်လတို့၏ အကြောင်းမကောင်းပုံကို တွေးမိတိုင်းလည်း ဆရာနှင့် ကျွန်မ အကြောင်းမလှပုံကို အမြဲသတိရနေမိ၏။

ကျွန်မသည် စာရေးတတ်၍ စာရေးနေသူမဟုတ်၊ စာရေးချင်၍ စာရေးနေသူတည်း။

သို့ကြောင့်ပင်လျှင် ကျွန်မဝတ္ထုများသည် ကံအကြောင်း၏ ကူညီချက်၊ ချစ်မြတ်နိုးသူတို့၏ အားပေးမှုတို့ဖြင့် နာမည်သာ ကြီးလာသည်။ သေသေသပ်သပ် ပြေပြေပြစ်ပြစ်တော့ မရှိလှပေ။ တစ်ထောင့်က အစွန်းမထွက်လျှင် တစ်ထောင့်ကတော့ အစထွက်နေမြဲတည်း။

ရေးချင်သည်၊ ရေးချင်သည်ဆိုသောဆန္ဒက အပျိုအရွယ် မစခင်ကပင် ရင်ဝယ်ပြည့်သိပ်နေသည်။ ထိုဆန္ဒဖြင့် မည်သူမျှမဖတ်သော ဝတ္ထုများကို ကိုယ့်အိပ်ခန်းထဲတွင် ကိုယ် ရေးလာမိသည်။ ဖတ်လိုက်ရသည့်စာများကလည်း အမောပင်တည်း။

ကျွန်မတို့တစ်ခေတ် လူငယ်စာပေလိုက်စားသူတို့သည် ဂန္ထလောက ဥယျာဉ်တွင် မွေးဖွားလာသူများဆိုလျှင် မမှားပေ။ ကျွန်မတို့ ကဗျာစာပေများသည် ဂန္ထလောကမဂ္ဂဇင်းမှ အရိပ်အရောင်များ မကင်းကြပေ။

ဇန်းမော်တင်အောင်၏ စာပေများကို ဂျာနယ်ကျော်တွင် တွေ့ရှိစက ကျွန်မသည် ဆံတောက်ပင် မသိမ်းသေးပေ။ ဆရာမသည် ဇန်းမော်တင်အောင်၏ စာကို နှစ်သက်သူပီပီ ဂျာနယ်ကျော်တွင် သူ့ဝတ္ထုပါတိုင်း ကျွန်မတို့ကို ဖတ်စေသည်။ လရောင်အောက်တွင် ငွေမင်စက်တို့ဖြင့် တဖိတ်ဖိတ်တောက်ပနေသော ငှက်ပျောရွက်အလှကို ဇန်းမော်တင်အောင်၏ ဝတ္ထုတစ်ပုဒ်တွင် တွေ့ရသည်။ အတွေးနှင့် ရှုးရုံတင်မဟုတ်၊ အတွေ့နှင့်လည်း သိချင်သူမို့ ဆောင်းညသန်းခေါင်လွန်လျှင် နှင်းမှုန်စက်တို့ သွန်ကျနေသော

mgyoe.com

ငှက်ပျောရွက်များကို ထကြည့်မိသည်။

သဘာဝလှသည်ဆိုသည်မှာ ရက်ရက်စက်စက် လှလာသောအခါ ကျွန်မလို လူသား၏ နှလုံးသားတွင် အသက်ရှူပင် မှားလောက်စရာပင် တည်း။ ထိုအလှကို မက်မောလာပြန်တော့လည်း အိပ်မပျော်သော ညဥ့်များက များ၍လာရပြန်သည်။

သို့သော် ထိုစဉ်ကလည်း ဆရာ့ကို ကျွန်မ မတွေ့မိ။

ညဥ့်ဦးသို့ရောက်လျှင် မေမေက ဟိမဝန္တာ၏အလှနှင့် ဝက်ပါတောင်၏ ပန်းများကို ဖွဲ့ထားသော ဦးဩဘာသ၏ လက်ရာကို ဖတ်စေခဲ့သည်။ ကျောင်းစာအဖြစ်နှင့် ဝေဿန္တရာကို စူးစိုက်ခဲ့ရ၍ ထိုစဉ်က အလှအပထက် အကြောင်းအရာကိုသာ ဂရုထား လေ့လာခဲ့မိသည်။

“နိုင်ငံခြားဝတ္ထုကို မှီးတယ်ဆိုပေမင့် သူရေးတာ မြန်မာဆန်လိုက်တာ” မေမေက သူကိုယ်တိုင် ဖတ်ရှုပြီးသော ပန်းသာမစာဥဝတ္ထုကို လာပေးသော အခါ ကျွန်မဖတ်ရှုရ၏။

ကျွန်မတို့ လူငယ်တစ်ခေတ်၏ ဘဝကိုက တပြောင်းပြန်ပြန်နှင့် ပြောင်းဆန်ရမည်ဟူသော နိမိတ်ပင်လားမသိ၊ နောက်ပိုင်းတွင် အိုင်ယာလန် အရေးတော်ပုံ၊ ရုရှားတော်လှန်ရေး၊ ဒေါ်ခင်မျိုးချစ် ဘာသာပြန်သော ကွန်မြူနစ်လေးဟန်းဇာတ်လိုက်အဖြစ် ပါဝင်သည့် ဖက်ဆစ်ဆန့်ကျင်ရေး စာအုပ်များ။

ထောင်ထဲမှ အစ်ကိုများ ခိုးထုတ်ပေးလိုက်သော သခင်စိုး၏ အနုပဋိလောမ ရုပ်ဝါဒစာအုပ်များ၊ မဟာဆွေ၏ တော်လှန်ရေးဆန်သော ဝတ္ထုများ၊ တစ်မူးတန်ဝတ္ထုမျိုးစုံတို့နှင့်တကွ ဗန္ဓုလ၊ ဒီဆူဇာ၊ ကူတီမူလာအင်ဆန်း အစရှိသော ကုလားစာအုပ်ထုတ်ဝေသူတို့ ထုတ်ဝေသည့် ပဒုကသလ၊ မယ်ပဋ္ဌာတို့ပါမကျန် ကျွန်မတို့ခေါင်းထဲတွင် အကုန်စုပြုံ ဝင်ရောက်လာကြ သည်။

ကျောင်းစာသင်ခန်းထဲတွင် ဆရာဦးဘသွယ်က မြန်မာကဗျာစာဆို ကြီးများ၏ ကဗျာများကို သင်ကြားချိန်တွင်လည်း ကဗျာဥယျာဉ်တွင် မေ့မူးမတတ် ပျော်မွေ့ခဲ့၏။

သို့သော် စာသင်ခန်းအပြင်သို့ ရောက်လျှင် “ကျောင်းသားသမဂ္ဂ

mgyoe.com

အသင်းကြီးရယ်.... တို့ကျောင်းသားများရဲ့ စည်းရုံးရာ အားစုရာ သွေးစည်းရာ အောင်မြေမှန်ပေတယ်" ဟူသော သီချင်းသံကို ကြားလိုက်ရပြန်တော့ လည်း စိတ်ကူးယဉ် ပန်းတောမှ ရုတ်တရက် နိုးလာသလို လွတ်လပ်ရေးအတွက် ကျောင်းသားလှုပ်ရှားမှုတွင် စိတ်သက်ရောက်ကာ ပြင်းပြစွာ စိတ်လှုပ်ရှား ရပြန်သည်။

ထိုစဉ်က သမဂ္ဂသီချင်းကို အိမ်တွင် ကျွန်မအစ်ကိုလတ်က သီဆို၍ ကိုကို (ယခု စာရေးဆရာ ဒါရိုက်တာ) က ဂီတာနှင့် တီး၏။ ထိုသီချင်းသံကို ကပင် လွတ်လပ်ရေးအတွက် ကျောင်းသားတို့ လှုပ်ရှားမှုကို လှုံ့ဆော်ပေး သလို ဖြစ်နေပေသည်။ သို့သော်.... ထိုစဉ်က ကျွန်မ၏ ရဲဘော်ကျောင်းသား များသည် နိုင်ငံရေးဝယ် စွမ်းစွမ်းတမံ ကူညီသလို စာဘက်တွင်လည်း ထူးချွန်ကြသည်။ စာမေးပွဲတွင် သူတို့ ရှေ့တန်းက အောင်မြင်ကြသည်။

နောက်ပိုင်းတွင် လယ်သမားကြီး ရန်ရှင်း၊ ဗြူရိုကရက်အရာရှိဆိုးများ လက်အောက်တွင် သူ၏ လွတ်မြောက်ရေးကို တိုက်ပွဲဝင်ရင်း.... အလူး အလိမ့်ခံရပုံကို သရုပ်ဖော်သည့် ဦးနု၏ "ရက်စက်ပါပေ့ကွယ်" ဝတ္ထုနှင့် ပြဇာတ်တိုများ၊ ဒီးဒုတ်ဂျာနယ်များ ဒလဟောလိုပင် ကျွန်မတို့အိမ်သို့ ရောက်လာသည်။

ထိုစဉ်ကလည်း ကျွန်မ ဆရာ့ကို မတွေ့သေးပါပေ။

အင်္ဂလိပ်စာကို ကျွန်မ အရွယ်နောက်ကျမှ စသင်ရ၏။ ဖတ်တတ်စ ပြုလာလျှင် ဖေဖေ၏စာအုပ်ပုံကို သွား၍ ဖွမိ၏။ ဖေဖေ့စာအုပ်ထဲမှ "Eastern Lover" ဟူသောဝတ္ထုကို တွေ့၏။ ဝတ္ထုသွားကို ကောင်းကောင်း နားမလည်သော်လည်း ဝတ္ထုထဲမှ ကဗျာလေးများကို ကြိုက်လွန်း၍ အလွတ် ကျက်ရသည်။ စာအုပ်မှာ အိုနွမ်းစုတ်ပြတ်၍ အလွန်ဟောင်းနေလေပြီ။

ကျွန်မမှာ အကျိုးပေးဆန်းကြယ်၏။ သူတကာ ဂျပန်ခေတ်တွင် ပြောင်းဆန်နေချိန်တွင်မှ ကျွန်မသည် ပန်း၊ အချစ်၊ စာပေတို့ဖြင့် ဂျပန်ခေတ် တွင် အေးမြချမ်းငြိမ်းလှ၏။ ကျွန်မ၏ ဆရာမကြီး မာဂရက်နှင့် အချောတို့က ကျွန်မကို အင်္ဂလိပ်စာ သင်ပေးချိန်တွင် ကျွန်မသည် တဂိုး၏ "Today I gain you truely" ဟူသော ကဗျာကို အလွတ်ကျက်၏။ ထိုကဗျာမှာ နောင်တမှ ပွင့်အန်လာသော ကဗျာတည်း။

mgyoe.com

"မင်းရဲ့ ချစ်မေတ္တာတန်ဖိုးကို ငါသိရသော အချိန်မှာ မင်းဟာ လူ့လောကမှာ မရှိတော့ဘူး။ ဒါကြောင့် မင်းခြေချသွားတဲ့ ခြေရာက မြေမှုန့်ကို ကောက်ယူနမ်းခြင်းဖြင့် မင်းရဲ့ သန့်စင်မွန်မြတ်တဲ့ ချစ်မေတ္တာ တန်ဖိုးကို ပေးဆပ်ပါတယ်"ဟူသော သူ့ကဗျာ၏ နောက်ဆုံးပိုဒ်ကို ကျွန်မ ပို၍ နှစ်သက်၏။

ထို့ပြင်လည်း "ဧပြီလတွင် ပွင့်လာသော ပျားရည်စုပ်ပန်းများ ရန့်ဟာလည်း မင်းပေးလာတဲ့ မင်းရဲ့ လက်ဆောင်ပဏ္ဏာများပေါ်မှာ မွေးရန့်များ ပိုမိုသင်းပျံ့နေအောင် ပြုလုပ်ပေးနေကြတယ်။ နွေဦးရဲ့ လပြည့်ဝန်းဟာ သူ့ရဲ့တောက်ပတဲ့ ရောင်ခြည်နဲ့၊ မင်းပဏ္ဏာများပေါ်မှာ လျှောကျ တွေ့ထိနေ တော့တယ်"အစရှိသော တဂိုးစကားလုံးများသည် ကျွန်မ အသည်းစွဲများ ပါပင်တည်း။

ဖတ်လိုက် ရေးလိုက်နှင့် စာနှင့်သာ အချိန်ကုန်သော်လည်း ကျွန်မ ကျိတ်ရေးသောဝတ္ထုတိုများကို အာရှလူငယ်စာစောင်တွင် ပေးပို့လိုက်သော အခါ တစ်ပုဒ်မှ ရွေးချယ်မခံရပေ။

## လွတ်လပ်ရေးခေတ်ဦးပိုင်း

ဘာမျှ မျှော်လင့်အားထားစရာလည်း မရှိ၊ သေချာရေရာခြင်းလည်း မရှိသော ခရီးကို ကျွန်မ စထွက်ရသော အချိန်ပင်တည်း။ တခြားမိန်းကလေး များကဲ့သို့ ဘဝခရီးတွင် အကြမ်းပင် တွေ့ရတွေ့ရ၊ အနုပင် တွေ့ရတွေ့ရ ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်ဟူသောစိတ်ဖြင့် သတ္တိရှိရှိ ထွက်လာခြင်းမဟုတ်၊ အရမ်းစွတ်၍ ကိုယ့်လမ်းကို ကိုယ် စထွက်ခဲ့ရသော်လည်း စိတ်ထဲမှာ အစဉ် စိုးရွံ့နေလေသည်။ ရှေ့တွင် ကာဆီးနေသော အမှောင်ထုကို ကြောက်ကြောက် နှင့် တိုး၍သာ လျှောက်နေရသည်။ ဝဲယာကို ဘာမျှမမြင်ပေ။

သခင်လူမင်းခေါ်ဆောင်ချက်ဖြင့် ဖ–ဆ– ပ– လ တွင် အလုပ်ဝင် လုပ်၏။

ထိုင်ရသည်က ဖဆပလ ကုလားထိုင်။

"မိခင်ယု.... အခု စ အလုပ်လုပ်နေတုန်း၊ လခ တစ်ပြားမှ မယူရဘူး။ မင့်အရေးအသား အစွမ်းအစ ဘယ်လောက်ရှိတယ်ဆိုတာပြလို့ သက်ဆိုင်ရာ

mgyoe.com

mgyoe.com

အတွင်းရေးမှူးက ထောက်ခံမှ လခရမယ်"

ဤစကားများမှာ အလုပ်စဝင်ဝင်ချင်း ထိုစဉ်က ဖဆပလ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ဦးနု၏ ကျွန်မအား ပြောကြားသော စကားပင်တည်း။ ရန်ကုန်မြို့လယ်တွင် ပိုက်ဆံတစ်ပြားမှမရှိဘဲ ကျွန်မ ဘယ်လို လုပ်နေရပါမည်နည်း။

"ထမင်းစားဖို့ ထမင်းလခတော့.... ငါပေးမယ်"

ဖတ်လိုက်ရ၊ မှတ်လိုက်ရ၊ ရေးလိုက်ရနှင့် အတွင်းရေးမှူးများ ဆုံးမသြဝါဒများကို နာခံလိုက်ရနှင့် အချိန်များကုန်လာခဲ့သည်။ ကျွန်မကိုယ် ကျွန်မ ခဏခဏမေးမိ၏။

"မင်း ဘာလဲ.... မင်း ဘာဖြစ်မှာလဲ၊ နိုင်ငံရေးသမားလား.... ဝါဒဖြန့်ချိရေး အရာရှိလား....၊ အယ်ဒီတာလား.... သတင်းစာဆရာလား"

ကျွန်မစိတ်က ကျွန်မကို ပြန်ဖြေပါ၏။ ကျွန်မသည် နိုင်ငံရေးသမားလည်း မဖြစ်နိုင်၊ ဝါဒဖြန့်ချိရေးအရာရှိ ဖြစ်ဖို့ဆိုသည်မှာ ဝေးသေး၏။ အယ်ဒီတာနှင့် သတင်းစာဆရာ ဦးနှောက်လည်း ကျွန်မတွင် မရှိပေ။ ပတ်ဝန်းကျင်ကို ကြည့်မိသောအခါတွင်လည်း ဖဆပလအတွင်းကို မြင်ရသောအခါ သူတို့နောင်ရေးအတွက် စိတ်မကောင်းရသည်မှာ အမောပင်တည်း။

"မခင်ယု အရေးအသားနဲ့ ပတ်သက်လို့ ကျေနပ်လောက်ပါတယ်။ လခပေးဖို့တော်ပြီလို့ ကိုယ် ထောက်ခံပြီး စာတင်လိုက်ပါတယ်၊ ဒီမှာကြည့်စမ်း.... ကိုကြီးနုက အမိန့်ချလိုက်တာ"

သုံးလေးလ ကြာသောအခါ အတွင်းရေးမှူး သခင်တင်မောင်ကြီး (ယခုသံအမတ်ကြီး) က လာ၍ပြ၏။ မှတ်ချက်တွင်မူ နောက်ထပ် နှစ်လလောက် လခမယူဘဲ လုပ်ပြပါရစေဦး။ 'နု' ဟူ၍ အောက်မှ လက်မှတ်ထိုးထားပေသည်။

ကျွန်မသည် "ဖြစ်လေရာဘဝဝယ်" ဟူသော သဘောကို နှလုံးပိုက်ထားပြီးဖြစ်၍ ကျွန်မသည် ငွေနှင့် ထမင်းအတွက် သောကမဖြစ်မိ။ ကျွန်မအလုပ်တွင် ကျွန်မ မပျော်ခြင်းသည်ပင် အကြီးဆုံး သောကပင်တည်း။ သို့သော် ကျွန်မရေးချင်တာတွေကို လျှောက်ရေး၏။

ဖဆပလမှ ကွန်မြူနစ်တို့ ခွဲထွက်သွားပြန်လေသည်။

mgyoe.com

mgyoe.com


"မင်း.... ကွန်မြူနစ်ရော ဖြစ်နိုင်မလား" ကျွန်မစိတ်ကို ကျွန်မ မေးကြည့်၏။ ကျွန်မ၏ အလုပ်စားပွဲမှ မျှော်ကြည့်လိုက်လျှင် ဝင်းဝါနေသော ရွှေတိဂုံဘုရားကို ပြာမှိုင်းသော မိုးသားများအလယ်တွင် အစဉ်ဖူးတွေ့ရ၏။

"ကံကံ၏အကျိုးတရား အကြောင်းတရားကို ယုံတယ်။ ကိုယ့်ကိုယ်ကိုယ် အားကိုးတယ်.... ဘဝတစ်ဖန် ပြန်မဖြစ်တဲ့ နိဗ္ဗာန်ဆိုတာ တကယ်စင်စစ်ရှိတယ်။ ဒီနိဗ္ဗာန်ကို သွားရာလမ်းဟာလည်း ဗုဒ္ဓဘုရားသခင်ဟောကြားတဲ့ မဂ္ဂင်ရှစ်ပါးလမ်းကလွဲလို့ မရှိဘူးလို့ စွဲစွဲမြဲမြဲ ယုံကြည်ထားတဲ့သူ တစ်ယောက်ဟာ ဘယ်လိုလုပ် ကွန်မြူနစ်ဖြစ်နိုင်မလဲ...."

ကျွန်မစိတ်က ကျွန်မကို ပြန်ဖြေ၏။

"ကွန်မြူနစ်တွေ လက်ခံယုံကြည်ထားတဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ဆိုတာ ခေါင်းပုံမဖြတ်ရ၊ တစ်ယောက်တည်းက လောဘတကြီး စီးပွားရေးကို လက်ဝါးကြီးအုပ်မထားရဆိုတဲ့ သဘောတရားတွေကို ဗုဒ္ဓရှင်တော်ဘုရားဟာ သမာအာဇီဝဆိုတဲ့ လမ်းစဉ်တစ်ခုမှာ အထင်အရှား ပြဆိုခဲ့ပြီးသားပဲ...."

"တစ်နေ့ကျရင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို လက်ခံတဲ့ ကွန်မြူနစ်နိုင်ငံတွေရော၊ အရင်းရှင် စီးပွားရေးစနစ်ကို လက်ခံတဲ့ ခနရှင်နိုင်ငံတွေရော အသည်းနှလုံးတွေ ပြင်းပြစွာ ပူလောင်လာတဲ့တစ်နေ့ ဗုဒ္ဓရှင်တော်ဘုရားရဲ့ လောကီမှာ ကျင့်သုံးနည်း၊ လောကုတ္တရာအတွက် ကျင့်သုံးနည်းတွေကို ရှာဖွေ လက်ခံယုံကြည်လာရမှာပဲ"

အထောက်အထားကို မပြနိုင်သော်လည်း ကျွန်မသည် စိတ်ထဲမှာ အထက်ပါအတိုင်း ပြင်းပြစွာ ယုံကြည်နေသည်။ ထို့ကြောင့် ခွဲထွက်သွားသော ကွန်မြူနစ်တို့တွင် ကျွန်မ၏ ချစ်ခင်သူများအမြောက်အမြား ပါသွားသော်လည်း ကျွန်မ ကွန်မြူနစ်မဖြစ်ပေ။

ဖဆပလ အတွင်းမှာလည်း များသောအားဖြင့် ရောက်လာသူတို့သည် စည်းရုံးရေးကို ဇောက်ချလုပ်ဖို့ထက် ဖဆပလ 'ကွန်း' တွင် တစ်ထောက်ရပ်နားကာ အတွင်းဝန်များရုံးသို့ ခြေလှမ်းမည့်သူတွေ တစ်နေ့တခြား များလာ၏။

စင်စစ်တော့လည်း ဖဆပလတွင် မဟုတ်.... ဤနေရာတွင် ဘယ်အဖွဲ့အစည်းပင် ဖြစ်ပါစေ၊ အာဏာရှိလာလျှင် ခြသေ့်ပိုးလိုလူမျိုး

mgyoe.com

mgyoe.com


ချဉ်းကပ်လာစမြဲတည်း။ သို့သော် ထိုပိုးများကို ဖယ်ထုတ်ပစ်ရမည့်အစား အကာအကွယ် ပေးကြသည်မှာတော့ အံ့သြစရာပင်ဖြစ်၏။ ကျွန်မသည် တစ်ကျပ်ပေး၍ဝင်သော ဖဆပလ သာမန်အသင်းသူတစ်ယောက်ပင် မဟုတ်သော်လည်း ဤဖဆပလကို ကြည့်၍ စိတ်မောရသည်မှာ အမော။ သံယောဇဉ်ကြီးရသည်မှာ အမော။ အခြေခံစည်းရုံးရေးတွင် ဘာမှ တောင့်တင်းစည်းလုံးခြင်းမရှိဘဲ ဖဆပလသည် ဆယ်နှစ် ဆယ်မိုး ကြံ့ကြံ့ခိုင် နေနိုင်ခြင်းမှာ အာဏာလက်ရှိနေ၍ပင် ဖြစ်သည်။ အာဏာနှင့် စည်းလုံးခြင်းသည် ဒီမိုကရေစီနိုင်ငံရေးကွက်တွင် ကြာရှည်မခံနိုင်ပေ။

သို့သော် ထိုအကြောင်းများကို ကျွန်မ တင်ပြဆွေးနွေးလိုပါသော်လည်း ကျွန်မ၏ သောကနှင့် ဆန္ဒကို ဂရုစိုက်နားထောင်မည့်သူမှာ "သခင်သာခင်" တစ်ယောက်သာ ရှိပါသတည်း။ သခင်သာခင်သည် သူ့တပ်၏ ချို့ယွင်းချက်များကို ပြန်လှန်လေ့လာရာ၌ အားမနာတမ်း လေ့လာတတ်သူတည်း။ ကျွန်မသည် ဖရိုဖရဲ တပ်ကြီးအား ရှေ့သို့ အားသွန်၍ မောင်းသွားမည်ထက် ကျစ်လျစ်သိပ်သည်းသော တပ်စုတစ်စုကို စနစ်တကျ ချီတက်မောင်းနှင်သွားစေချင်သည်။

ပုံနှိပ်စက်များ ရိုက်နှက် အချိုးခံရသော နေ့တွင်မူ ကျွန်မသည် ဝါဒဖြန့်ချိရေး ကုလားထိုင်မှ ထွက်၍ ပြေးချင်သည်။ ဒီမိုကရေစီသမိုင်းတွင် ကလောင်ကို မြတ်နိုးသူတစ်ယောက်အနေနှင့် ထိုမျှ ရိုင်းပျစော်ကားသော အပြုအမူမျိုးကို ဆတ်ဆတ်ခါ နာကြည်းမိသည်။

သခင်သာခင်သည် ထိုနေ့က "တို့ ဖဆပလတွေ လုပ်လိုက်ရင် သောက်ရမ်းကြီးပဲ" သူသည် တိုင်းထွာဆဲရေးရင်း သူ့လူတွေ၏ အရမ်းကျမှုကို ကျွန်မစားပွဲခုံတွင် လာ၍ ညည်းသည်။ ပြီးတော့ သူ အများကြီးပင် ဝေဖန်သည်။ သူ့လူတွေကို စိတ်ပျက်သည်။

ကျွန်မသည် မရဲတရဲနှင့် (လွန်ခဲ့သော ဆယ်နှစ်က) ဖဆပလနောင်ရေးအတွက် "ခြသေ့ပိုး" ဆောင်းပါးကို ရေးပြသော်လည်း မြင်းမိုရ်တောင် ဖဆပလသည် ကျွန်မ၏ ခြသေ့ပိုးဆောင်းပါးဆီးစေ့ကို လှည့်၍ မကြည့်ပေ။

စိတ်ညစ်သည်၊ အားငယ်သည်၊ စိတ်ပျက်လှသည်။ စိတ်ပျက်တိုင်း အားငယ်တိုင်း စာတွေဖတ်၊ စာတွေရေးသည်။

mgyoe.com

အားငယ်ပါသည်ဆိုခါမှ မေမေကလည်း အနားတွင်မရှိ။

"မေမေ ရန်ကုန်က ထွက်ခွာသွားပေမင့်၊ ပတ်ဝန်းကျင်က ထောင်သောင်းမက မျက်လုံးတွေဟာ သမီးကို စောင့်ကြည့်နေရစ်ကြတယ် ဆိုတာ သမီး အမြဲသတိထားပါ"

မေမေကတော့ သမီးတစ်ယောက်တည်း ရန်ကုန်တွင် ထားရစ်ခဲ့ရ၍ ဒုက္ခဒဏ်ကို မခံနိုင်ဘဲ ကတိမ်းကပါးဖြစ်မည်ကို စိုးသည်။ သူ့စာများကို ခဏခဏရေးသည်။

## ဆရာနှင့်တွေ့လေပြီ

တစ်နေ့တွင် စိတ်ညစ်ညစ်နှင့် ပဲခူးကို ထွက်လာခဲ့သည်။ အစ်ကိုလုပ်သူက ရုံးအားရက်တွင် သူ့စစ်တပ်ထဲတွင်ရှိသော အိမ်တွင် အပန်းဖြေစေချင်သည်။ သူတို့ ပျော်ပျော်ပါးပါး ကစားနေချိန်တွင် ကျွန်မသည် အိမ်များနှင့် အတန်ငယ်ဝေးသော လျှိုလေးများရှိရာသို့ ထွက်လာခဲ့သည်။ လျှိုထဲတွင် အမည်မဖော်တတ်သော ခရမ်းရောင်ပန်းပွင့်လေးများ ပွင့်နေကြသည်။ ထိုပန်းလေးများကို မြင်ရသောအခါ အသက်ရှုရ နည်းနည်းချောင်သလို ဖြစ်လာသည်။ လေသည် ဖြည်းညင်းစွာ တိုက်၍ အဝေးမှ ရင်ခတ်ပန်းအဝါများသည် လေထဲတွင် ရွှေဝတ်လွှာများ ကြွေကျလာသလို ဝဲကာဝဲကာ ပျံလာကြသည်။

ကျွန်မဦးနှောက်သည် ရှင်လာ၏။ စိတ်သည် ပေါ့ပါးလာသည်။ နေခြည်သည် စိမ်းမြသော သစ်ရွက်များကြားမှ ကျွန်မကို ပြုံး၍ ကြည့်၏။

ဩော်.... လောကကြီးသည် တကယ်တော့ ပျော်မွေ့စရာပါတကား။ ကျွန်မ၌ နေစရာပန်းလေးများ၊ ငှက်လေးများ နေခြည်မျှင်တို့နှင့် လေပြည်လေညင်းတို့ တီးတိုးတေးဆိုသော ကမ္ဘာတစ်ခု ရှိပါသေးသည်တကား။

ထိုနေ့ညဦးတွင် ခင်နှင်းယု ကလောင်နာမည်နှင့် "အရိုင်း' ဝတ္ထုကို ရေး၍ ပဒေသာမဂ္ဂဇင်းသို့ ပို့လိုက်သည်။

နောက်တစ်ပတ် ရန်ကုန်ပြန်ရောက်သောအခါ ဆရာ့လက်ရေးကို စတင်တွေ့ရသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ဆရာ့လက်ရေးသည် ရှင်းသည်၊ ပြတ်သားလှသည်။

mgyoe.com

mgyoe.com


မခင်ယု

'အရိုင်း' ဝတ္ထုကို ပဒေသာမဂ္ဂဇင်းထဲမှာ ပြင်ဆင်တည်းဖြတ်ပြီး ထည့်လိုက်ပါတယ်၊ ဆက်လက်ပြီး ကြိုးစားစေချင်တယ်၊ ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်။

တင့်တယ်

ဆရာ့ထံမှ ဆရာရေးသော ရွှေချစ်ငွေချစ်ဝတ္ထုနှင့် အခြားဝတ္ထုများ ရောက်လာသည်။ ကျွန်မ ဆက်လက်ရေးသားပေးပို့သော ဝတ္ထုများ မဂ္ဂဇင်းများတွင် မပါလာသော်လည်း ဆရာကတော့ မှန်မှန်ဝေဖန်၍ ပြန်ပို့ပေးသည်။ ထိုအချိန်တွင် 'ခင်နှင်းယု' ဟူသော နာမည်တစ်ခု ပိုင်နိုင်မှုအတွက် ဆရာ စတင်မျိုးစေ့ချပေးသော အချိန်ပင်တည်း။

နောက် သုံးလေးလတွင်မူ ဆရာ့ထံမှ စာတစ်စောင် ရောက်လာ၏။

မခင်ယု

ဝတ္ထုတွေဟာ မဂ္ဂဇင်းများထဲ ပါမလာပေမင့် အားမလျှော့ပါနှင့်၊ မခင်ယု စကားလုံးသည် အင်္ဂလိပ်ကဗျာများ အရောင်ဟပ်နေပါသည်။ ထို့ကြောင့် စကားလုံးများလှပ၍ ကျွန်တော် နှစ်သက်ပါသည်။ ရေးဟန်နှင့် အကြောင်းအရာကို ဂရုပြုပါဦး။ မခင်ယုက အလွန် လျှို့ဝှက်သကိုး၊ မခင်ယု လိပ်စာကို မနုနုမှတစ်ဆင့် တပ်ထားပေမင့် မခင်ယုဆိုတာကို ကျွန်တော်သိပါတယ်။ ဖဆပလကို ဝင်လိုက်ရင် ဘယ်ဘက်အခန်းထောင့်မှာ မခင်ယုစားပွဲရှိတယ်၊ မနုနုဆိုတာက အသားဖြူဖြူ ဝဝ ပုပု၊ တရုတ်ဆန်ဆန်ရယ်၊ ဖဆပလငွေစာရင်း ဌာနမှာ လုပ်တယ်၊ မခင်ယုကတော့ အသားညိုညို ပိန်ပိန်သွယ်သွယ်၊ မျက်ခုံးထူထူ၊ မျက်လုံးဝိုင်းဝိုင်း တောက်တောက်ရယ်။

ကျွန်တော်ကတော့ လောကဓံကို မခံနိုင်ဘူးဆိုပါတော့။ ခု အရက်အသောက်လွန်လို့ ဆေးရုံတက်နေရတယ်၊ ညနေ ဧည့်သည် လာချိန်ရောက်လို့ ကိုသန်းဆွေယူလာတဲ့ စာထဲမှာ မခင်ယုစာ ပါလာမလားလို့ အမြဲမျှော်လင့်ပါတယ်။

ရွှင်လန်းပါစေ။

တင့်တယ်

mgyoe.com

mgyoe.com

ဆရာ ကျွန်မကို ဘယ်လိုလုပ်များ သိပါလိမ့်၊ ဆရာ့ကိုတော့ ကျွန်မ မမြင်ဖူးပေ။ ဆရာ ဆေးရုံတက်နေစဉ် အတောအတွင်း "ကြီးမောင်" ဟူ၍ လက်မှတ်ထိုးကာ ကျွန်မ၏ဝတ္ထုများကို ဝေဖန်၍ ရှုမဝမှ မှန်မှန်ပြန်ပို့၏။ ထို 'ကြီးမောင်' မှာ ဆရာငွေဥဒေါင်းဖြစ်သည်ကို နောက်မှ ကျွန်မသိရ၏။

ကိုသန်းဆွေက ကျွန်မ၏ 'နွေနှောင်းရွက်ကျန်' ဝတ္ထုကို ရှုမဝတွင် စင်တင်ပေးပြီးနောက် ခင်နှင်းယုနာမည် တစ်ရှိန်ထိုး တက်လာပါသော်လည်း ကျွန်မသည် လက်ရေးမှတစ်ပါး ကျွန်မ၏ ဆရာတင့်တယ်ကို မမြင်ဖူးခဲ့ပါချေ။

တစ်နေ့တွင်တော့ ကိုသန်းဆွေနှင့်အတူ လူတစ်ယောက် အိမ်သို့ ရောက်လာသည်။

"မခင်ယု... ခင်ဗျားရဲ့ ဆရာတင့်တယ်လေ"

ကျွန်မသည် အံ့ဩခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် တုန်တုန်ယင်ယင် ဖြစ်နေသော်လည်း ဆရာ့ဟန်ပန်များကမူ ဝမ်းမြောက်တက်ကြွနေသော အမူအရာ မပြပါပေ။ သူသည် ချောမောလှပသော လူတစ်ယောက်မဟုတ်၊ မျက်လုံး ဝိုင်း၍ ကျယ်သည်။ မျက်ခုံးမွေးထူ၍ ကျယ်ပြန့်၏။ သူ့စကားသံမှာ လေးပင်လှသည်။ သူ အင်္ဂလန်ကို ပြန်သွားလို၍ ကူညီစေလိုကြောင်းပင် ပြောကြားကာ ပြန်သွားတော့သည်။ အမှန်တော့ အနှစ်နှစ်အလလက ကိုယ်လိုလားတောင့်တသော စာရေးသူအဖြစ်ကို ရောက်အောင် ပို့ဆောင်ပေးသော ဆရာနှင့် တပည့်တို့ တွေ့ကြခြင်းသည် လှိုက်လှိုက်လှဲလှဲ၊ တက်တက်ကြွကြွ ရှိရမည့်အစား ဆရာနှင့် ကျွန်မ တွေ့ရပုံသည် ပျင်းရိအေးစက် ခြောက်သွေ့လှသည်တကား။

နောက်တော့ ဆရာ့သတင်းများကိုသာ အဝေးမှ ကျွန်မ နားထောင်နေရ၏။ ဆရာသည် ဝတ္ထုရေးသည့် နေရာတစ်ခုတည်းတွင် တော်သည်မဟုတ်၊ ဆောင်းပါးတွင် ပြောင်မြောက်၍ သတင်းစာပညာရပ်တွင်လည်း ထက်မြက်သူပါတည်း။

ခေတ်ကို သရော်၍ စာရေးသည့်နေရာတွင် ဦးထင်ဖတ်ရေးဟန်ကို ကျွန်မ အလွန်ကြိုက်သည်။ မောင်ထင်သည် စာရေးသည့်နေရာ၌ စည်တီး သကဲ့သို့ ပြောင်မြောက်ထက်မြက်လှ၏။ တချို့သူတို့က မောင်ထင်ရေးသော

mgyoe.com

mgyoe.com

'အာဒိကပ္ပ' မှာ ဦးနုကို စောင်းရေးသည်ဟု အထင်ရှိကာ အတော်လေး ပဋိပက္ခဖြစ်သည်ဟု ကြားရသည်။ သို့သော် ကျွန်မအနေနှင့်မူ 'အာဒိကပ္ပ' ကို အလွန်ကြိုက်သည်။ 'အာဒိကပ္ပ'သည် နိုင်ငံရေးသမိုင်းကို သရော်သော ရှုထောင့်မှ ကြည့်၍ရေးခြင်းသာ ဖြစ်ပုံရ၏။ ပုဂ္ဂလဓိဋ္ဌာန် စွဲလမ်း၍ ရေးသည်ဟု ကျွန်မ မမြင်ပေ။

ဆရာတင့်တယ်ကမူ ဝတ္ထုရေးလျှင်ဖြစ်စေ၊ ဘာသာပြန်လျှင်ဖြစ်စေ၊ တူရိယာငါးပါးကို တစ်ပြိုင်နက် တီးမှုတ်သကဲ့သို့ သာသာညင်းညင်း ရှိလှသည်။ ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် သူ့နောက်သို့ ပါအောင် စာဖတ်သူကို အရခေါ်တတ်လေသည်။ ဆောင်းပါးရေးလျှင်လည်း ဟန်တစ်မျိုး ထွက်လာသည်။

"ကျွန်မဟာ ယောကျ်ားလေးတစ်ယောက် ဖြစ်ရင်လား ဆရာတင့်တယ် အနားမှာ နေပါရဲ့၊ ပြီးတော့ သခင်သာခင်ဆိုတဲ့ လူဟာ နိုင်ငံရေးသမားသာ လုပ်နေတယ်၊ သူ့မှာ စာရေးဆရာကြိုက်တဲ့ စကားလုံးတွေ အများကြီးရှိတယ်၊ ခုတော့ မိန်းကလေးတစ်ယောက်ဖြစ်နေတော့ ကင်းကင်းရှင်းရှင်း ရေးဖော်ရေးဖက်တွေနဲ့ ဝေးဝေးနေရတာ သိပ်မကောင်းဘူးပေါ့"

တစ်ခါတွင် စာပေဝါသနာပါသူ မိတ်ဆွေများနှင့် စကားစပ်မိရင်း ကျွန်မ၏ဆန္ဒကို ပြောပြမိ၏။

"အမယ်လေး.... မခင်ယု ခုလိုပဲ အေးအေးနေပါခင်ဗျာ၊ ခင်ဗျား ခုချိန်လို နာမည်တက်နေချိန် မိန်းကလေးဖြစ်နေလို့ သက်သာတယ် အောက်မေ့၊ ယောကျ်ားလေးဖြစ်ပြီး ဆရာတင့်တယ်နဲ့သာ တွဲနေမယ်ဆိုရင် ခင်ဗျားလား.... လမ်းကြားထဲမှာ အရက်ပုလင်းတွေနဲ့ ရောနေလို့ မနည်း ကောက်ယူရမယ်"

ဘုရား.... ဘုရား.... ထိုစကားကို ကြားပြီး ကျွန်မ အလွန် စိတ်ထိခိုက်သွား၏။ ဆရာ့အဖြစ်သည် ကျွန်မထင်တာထက်ပင် ဆိုး၍နေပါပြီကော....။ ဆရာသည် ဘာ့ကြောင့် အရက်ကို အလွန်အကျွံ သောက်ပါသနည်း။ ထိုမေးခွန်းကိုလည်း ခဏခဏ ကျွန်မကိုယ်ကျွန်မ မေးမိ၏။

တစ်ခါက မိတ်ဆွေတစ်ယောက်ကမူ "ကျွန်တော်တို့ အရက်သောက်ရတာ ခေတ်ရဲ့ဒဏ်ကို မခံနိုင်တာလည်း ပါတယ်။ နိုင်ငံရေးအပြောင်းအလဲ အကွဲအပြဲဒဏ်တွေက ရိုက်ခတ်ပြီးလာတဲ့အခါ မခံမရပ်နိုင်ဖြစ်ပြီး ကျွန်တော်

mgyoe.com

mgyoe.com


တို့ သောက်တာလည်းပါတယ်...."

ထိုစကားကို ကြားရချိန်တွင် ကျွန်မ သဘောမပေါက်လှပေ။ ဤခေတ်ကို ကြုံတွေ့ရသည်မှာ တစ်ယောက်တည်း၊ နှစ်ယောက်တည်း မဟုတ်ပါပေ။ သို့သော်.... ကိုယ့်ကိုယ်ကိုယ် သိပ်သနားနေလျှင်တော့ မပြောတတ်ပေ။ ပတ်ဝန်းကျင်ကို မမြင်။ "ဒီဒုက္ခကို ငါတစ်ယောက်တည်းသာ ခံနေရသည်။ ငါသည် အလွန်သနားစရာကောင်းသော သတ္တဝါပါလား" ဟု တွေးလျှင်မူကား ဆောက်တည်ရာမရအောင် သွက်သွက်ခါကြမည် ဖြစ်ပေသည်။

သို့သော် ကျွန်မတို့ပတ်ဝန်းကျင်ကို ကြည့်လျှင် သူတို့သည်လည်း ချစ်သောသူနှင့် ကွေကွင်းကြဖူးကြ၏။ သူတို့သည်လည်း ဘဝတွင် လိုအပ်သော ပန်းတိုင်သို့ မရောက်ကြ။ သူတို့သည်လည်း ဘဝတွင် မုန်တိုင်းက ထန်၊ လမ်းက မဟန်ကြသည်မို့ ယောကျ်ားရင့်မကြီးတွေ မပြောနှင့် မိန်းမသားများပင် ဦးသိန်းဖေမြင့် စကားလုံးနှင့် သုံးရသော် "ငွေစိန်လှေလှော်ရင်း တက်ကျိုးကြရသေးသည်"မိန်းမတို့နစ်သည် ဆိုသည်ကမှ ဘဝတွင် ပိုးစိုးပက်စက် နစ်ရခြင်းပေတည်း။

သူတို့သည်လည်း တစ်ခါတစ်ရံ ပတ်ဝန်းကျင်က ဝိုင်းပယ်ကာ တစ်ယောက်တည်း အပယ်ခံဘဝ ကြုံခဲ့ရ၏။

ထို့ကြောင့်ပင် ကျွန်မသည် မိတ်ဆွေပြသော "ခေတ်ကြောင့် အရက်အလွန်သောက်ရသည်" ဟူသော အကြောင်းပြချက်ကို သဘောမပေါက်သလား မသိပေ။

ဆရာသည် ကိုယ့်ကိုယ်ကိုယ်များ သိပ်သနားနေလေသလား။

သို့တည်းမဟုတ် ဆရာသည် ဇိမ်ကျမည်ထင်၍ ကြိုက်၍ သောက်ရာမှ အရက်က ဆရာ့ကို နိုင်သွားခြင်းပေလော။

သို့တည်းမဟုတ် ဆရာ့တွင် ကိုးကွယ်ရာမရှိလေသလော။

"ကိုးကွယ်ရာ" ထိုစကားကိုတော့ ကျွန်မ အလွန်ယုံကြည်၏။ တချို့တွင် ဘဝ၏ ဒုက္ခဆင်းရဲကို တစ်ခုပြီးမှ တစ်ခု ကြုံကြရသော်လည်း တချို့တွင် မြားအစင်းပေါင်းများစွာနှင့် အဘက်ဘက်မှ တစ်ပြိုင်နက် အပစ်ခံရသလို ဒုက္ခဆင်းရဲကို အလူးအလိမ့် တစ်ပြိုင်နက် ကြုံတွေ့ကြ

mgyoe.com

mgyoe.com


ရသည်။ ထိုအခါတွင် ကိုးကွယ်ရာရှာမရဖြစ်ကာ ဆောက်တည်ရာမရကြမည်မှာ ဓမ္မတာပင်တည်း။

ကျွန်မသည် ပျော်စရာကောင်းသော မိသားစုမှ ဖြုန်းခနဲ ထွက်ခွာလာခဲ့ရကာ.... ရန်ကုန်၌ ထမင်းမစားရသော ညနေများနှင့် ကြုံရလိမ့်မည်ဟု အိပ်မက်မျှပင် မမက်ဖူးပေ။

သို့သော် အကုသိုလ်ကံ ကြုံရလျှင် ချစ်သည့်သူနှင့်လည်း ကွေကွင်းရ၏။ မချစ်သည့်သူနှင့်လည်း အတူနေရ၏။ ချစ်ပင် ချစ်သော်လည်း သဘောအယူအဆမမျှသူတို့နှင့်လည်း တွေ့ရ၏။

(ဤဒုက္ခမှာ ပိုဆိုးသည်)

"ခင်ဗျားတို့ လက်နက်ပေးထားတဲ့လူတွေက ကျုပ်သမီး နားရွက်ဆွဲဖြတ်ပြီး နားကပ်ယူသွားပါတယ်" ဟူသော ဘဝကို မျက်စိနှင့် မြင်ပါလျက်နှင့် ကျွန်မသည် အထက်ကိုတင်ပြသည်ကလွဲ၍ ဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရသောဘဝ။

"ပြောတော့ တိုင်းပြည်အတွက်ပါ" ဆို၍ ဦးနှအပါး လက်တစ်လုံးကြား ကပ်ကာ ကိုယ့်အတွက် အမြတ်ထုတ်သွားသူများကို သိလျက်နှင့် ငုတ်တုတ်ကြည့်နေရသော ဘဝ။

တရားဥပဒေတွင်းက အစိုးရငွေနှင့် လခပေးကာ မယားငယ်ကို အလုပ်ခန့်ထားကာ ဖြစ်ချင်တိုင်းဖြစ်နေသော အစိုးရရုံးများကို ကြည့်နေရသောဒုက္ခ။

ရေးပြ၍မသင့်သေးသော တခြားအဖြစ်များကို ကြည့်ရင်း ကျွန်မသည် ဆောက်တည်ရာမရ ဖြစ်မိ၏။ ကလောင်ကို ပိုင်လာသောအခါ.... ထုတ်ဖော်၍ ရေးပြခြင်းဖြင့် စိတ်ကိုဖြေသည် ဆိုရသော်လည်း ကျွန်မတို့ခေတ်၏ ဖောက်ပြန်မှုများကား အာကာလွှာပုံပြုရမည့် အဖြစ်များပါပေတည်း။

ထိုသောအခါ ကျွန်မသည် ဘုရားသခင်ထံပါး ပြေးရ၏။ စိတ်ထဲမှ နာကြည်းခံခက်သမျှ ဘုရားသခင်ထံ ဖွင့်ဟပြောပြရ၏။ ဘုရားသခင် ဟောကြားတော်မူခဲ့သော တရားများကို ပြန်၍ ဆင်ခြင်ရ၏။ ဝိပဿနာတရားဖြင့် စိတ်ကို ဆေးကြောရ၏။

ထိုအခါ ကိုးကွယ်ရာမရအောင် ပြောင်းဆန်နေသော စိတ်ဓာတ်များ

mgyoe.com

mgyoe.com


သည် တည်ငြိမ်စ ပြုလာလေသည်။

ဆရာ့တွင် ကျွန်မကဲ့သို့ ခိုကိုးရာမရှိဘူး ထင်သည်။ ကျွန်မ၏ ကိုးကွယ်ရာကို ဆရာ့အား ပြောကြားပါလျှင်ရော ဆရာသည် လက်ခံ ယုံကြည်ပါမည်လော။

တစ်ခါက ဝိပဿနာတရားကျင့်သော စခန်းများကို ဦးနုဖွင့်စတွင် ပုဂ္ဂိုလ်ကြီးတစ်ယောက်က "ခင်ဗျားတို့မောင်နှမတွေ ရူးတူးတူး ပေါတော တောတွေ"ဟု ဆိုခဲ့၏။ သို့သော် ထိုပုဂ္ဂိုလ် ရပ်တည်ရာမရဖြစ်နေစဉ်တွင် တရားထိုင် သက်န်းဝတ်နှင့် တွေ့ရသောအခါ ကျွန်မရင်ထဲမှ ပြုံးမိ၏။

ထို့ကြောင့်ပင် ကိုယ်ကိုယ်တိုင်က "အေးချမ်း"ရာကို တွေ့၍ လက်ညှိုးညွှန်ပြချင်ပါသော်လည်း "ရူးတူးတူး ပေါတောတော"ဟု သရော်ခံရလျှင် သရော်သူသည် ဓမ္မန္တရာယ်ဖြစ်မှာစိုး၍ ယခုသော် ကျွန်မသည် ဝိပဿနာတရား၏ အေးမြပုံကို မည်သူ့ကိုမှ ပြောမပြပေ။ ကိုယ့်ဆန္ဒရှိလျှင် ကိုယ့်ဘာသာ ကျင့်ကြံအားထုတ် စမ်းသပ်ကြည့်လျှင် အကောင်းဆုံးပင် တည်း။

ယခု ဆရာ့ကိုတော့ ကိုယ်၏ "ဆရာသခင်ကျေးဇူးရှင်"တစ်ယောက် အနေနှင့် ကျွန်မတွေ့သော ကိုးကွယ်ရာကို ပြောပြချင်ပါသည်။ ဆရာသည် လက်ခံယုံကြည်ပါမည်လော....။

တစ်လောကမှ သတင်းစာထဲတွင် ဆရာတစ်ယောက် စိတ္တဇဆေးရုံ ရောက်နေသည် ကြားရသောအခါ စိတ်ထဲ၌ အတော်ဆင်းရဲသွားမိ၏။

"ဆရာ့ကို ကျွန်မ သွားတွေ့ချင်တယ် ကိုသန်းဆွေ"

ကျွန်မသည် ကိုသန်းဆွေကို တိုင်ပင်ကြည့်၏။

"မဖြစ်ပါဘူး မခင်ယုရယ်၊ ခင်ဗျား ကိုယ်တိုင်က ဝမ်းသာစရာ တွေ့တွေ့၊ ဝမ်းနည်းစရာတွေ့တွေ့ သွေးဆုတ်တတ်ပါဘိသနဲ့။ မတွေ့ချင် ပါနဲ့"

ကျွန်မသည် သူ့စကားကို နားထောင်လိုက်၏။ မှန်၏။ ကျွန်မသည် ကိုးကွယ်ရာရှိပေ၍သာ အသက်ရှင်နေသူတည်း။ စင်စစ်တော့ အလွန်ပျော့ညံ့ ကြောက်ရွံ့တတ်သော သတ္တဝါပင် ဖြစ်၏။

"မဟုတ်ဘူးလေ။ သူ့ရောဂါ သိပ်ဆိုးနေလား မသိဘူး။ သူသေတော့မှ

mgyoe.com

mgyoe.com


စာဖွဲ့ပြီး ငိုပြရရင် မကောင်းဘူး ကိုသန်းဆွေရယ်။ မသေခင် ကျွန်မ သူ့ကို တစ်ခုခု ကူညီချင်တယ်"

"ကူညီချင်ရင် စိတ္တဇဆေးရုံ သူတက်နေတာ တစ်လ တစ်ရာ့ငါးဆယ် ပေးရတယ်။ မခင်ယု တတ်နိုင်တဲ့လ တစ်လစာ ကန်တော့လိုက်ပေါ့"

ကျွန်မသည် မြဝတီတွင် "ဥပက" ဝတ္ထုကို ရေး၍ ပို့ငွေတစ်ရာကို ဆရာတင့်တယ်အား.... ကန်တော့လိုက်ပါရန် မြဝတီမှ အယ်ဒီတာ ဦးထွန်းလွင်အား စာရေး၍ ပေးလိုက်ပါသည်။

နောက်တစ်ပတ်တွင်မူ ဆရာ့လက်ရေးကို တွေ့ရတော့သည်။

ချစ်သောညီမ ခင်နှင်းယု

ထောက်ပံ့သည်ဆိုစေ.... စောင်မသည်ဆိုစေ.... မည်သို့ပင် ဆိုစေ.... ကျေးဇူးတင်သည်မှာ အသည်းနှလုံးမှ ဖြစ်ကြောင်း သိစေချင်ပါသည်။ ထားအပ်သော စေတနာကို လေးစားပါသည်။ နှစ်ပေါင်း နှစ်ဆယ်တာမျှ ရင့်ကျက်ခဲ့သော ခင်မင်မှုကို တစ်သက်တာ မေ့မည်မဟုတ်ပါ....။

ကျေးဇူး

တင့်တယ်

ကျွန်မသည် ဆရာ့စာကို ဖတ်ရင်း "နှစ်ပေါင်း နှစ်ဆယ်" ထိုစကားလုံးကို ထပ်ကာထပ်ကာ ဆိုမိသည်။ ဆရာနှင့် တွေ့ခဲ့သည်မှာ မနေ့တစ်နေ့ကမှ ဟု ထင်ခဲ့သော်လည်း နှစ်ပေါင်းနှစ်ဆယ်ပင် ရှိခဲ့လေပြီ။

တစ်နေ့က စိတ္တဇဆေးရုံရောက်၍ ဒေါက်တာဂျေခိုင်ကို ဆရာတင့်တယ်အကြောင်း မေးကြည့်၏။

"ဒီအချိန် လူနာတွေ့ချိန် မဟုတ်တော့ ဒေါ်ခင်ယု သူ့ကို မတွေ့နိုင်ဘူး။ သူက အခြေအနေကောင်းပါတယ်။ အရက်သောက်ရင်တော့ ဆိုးမှာပဲ"

ဩော်.... သံသရာဆိုသည်မှာ "ထိုဟာ" ပင် ထင်ပါရဲ့။ အရာတစ်ခုသည် မကောင်းဘူး။ ကိုယ့်ကို ဒုက္ခပေးသည်ဟု သိပါလျက်နဲ့ ဖက်တွယ်၍ နေခြင်းသည်ပင် သံသရာပေတည်း။

တပို့တွဲလဆန်းတစ်ရက်

၁၉၆၄ ခု၊ ဇန်နဝါရီလ ၁၄ ရက်။

mgyoe.com

ထိုရက်သို့တိုင်လျှင် ကျွန်မ၏ အဘွဲ့ဝါသိက ဆရာနှစ်ဦးဖြစ်သော ကိုသန်းဆွေနှင့် ဦးတင့်တယ်ကို အထူးသတိရ၏။ သို့သော် ယခုနှစ်တွင် သူတို့နှစ်ဦးစလုံးအား မတွေ့မိပါပေ။ ထိုနေ့မတိုင်ခင်ကမူ ထွန်းထွန်း (ရှုမဝ) နှင့် တွေ့၏။

"ဦးကျော် ထမင်းနဲ့ထိုးဦးမလားဟင်"

"ဆီပြဿနာကြောင့် လူတွေ ဖိတ်ပြီးတော့ မကျွေးနိုင်တော့ဘူး။ ဒါပေမင့် အဲဒီနေ့ကို သတိရလို့ လာတဲ့လူကိုတော့ ဦးကျော်က ထမနဲ ကျွေးမယ်တဲ့"

"သတိရတာပေါ့ ထွန်းထွန်းရယ်"

ကျွန်မသည် တပို့တွဲလဆန်းတစ်ရက်နေ့ကို အမြဲသတိရနေမည့်သူ ဖြစ်ပါသတည်း။

ရှေ့ခရီးလှမ်းလှမ်းရှိ တောင်စွယ်တွင် နေကွယ်တော့မည်။

ဆရာသည် ညောင်ညိုပြင်စခန်းတွင် တစ်ရေးအိပ်၍ ချွေးသိပ်ပေဦး တော့မည်။

ဆရာနှင့်တကွ ဂန္ထလောကတစ်ခေတ် ဆရာတို့ ထွန်းညှိခဲ့သော မီးပုံများကို အားပြုကာ ကျွန်မသည် တောင်တက်လမ်းတွင် ညဘက်ခရီးကို စ၍ ထွက်ရဦးမည်။

ဆရာ့မှာ နေ။

ကျွန်မမှာ လ။

အတူခရီးသွားဖော်သွားဖက်တို့အား ရိုးရိပ်မှမမြင်၊ တစ်ကိုယ်တည်း စတင် ထွက်လာရသောအခါ အားငယ်ပါဘိသည်။

တစ်မိုးသောက်လျှင်တော့ ဆရာ့ကို ပြန်လည် တွေ့တန်ကောင်းပါရဲ့၊ ဒီတစ်ခါ တွေ့လျှင်တော့ ဆောင်းပါးရေးပုံကို ဆရာ့ထံမှ သင်ကြားလိုက် ဦးမည်။

"အီကွေတာ၌ တိုက်ခတ်နေသော လေများ"အကြောင်းကို ရေးချင် သည်မှာ ကြာလှပြီ။ "ကိုင်ရီ"ကွန်ဖရင့် အတွေ့အကြုံနှင့် မြင်ခဲ့ရသည်မှာ အီကွေတာတစ်လျှောက် အာရှ– အာဖရိက နိုင်ငံငယ်များကား အနောက်နှင့် အနောက်တောင် လေရဲများ တိုက်ခတ်ခံရရုံမက အရှေ့နှင့် အရှေ့မြောက်၊

mgyoe.com

mgyoe.com

အနောက်မြောက်လေရဲများ စတင် ဝင်ရောက်တိုက်ခတ်ခြင်း ခံနေရလေပြီ။

ဆရာသာဆိုလျှင်တော့ ဝတ္ထုတွင် တူရိယာငါးပါးတီးသလို စာရေး၍ ဆောင်းပါးတွင် စည်တီးသလို စကားလုံးရွေးပေမည်။

ကျွန်မတွင်မူကား အီကွေတာတစ်လျှောက် အာရှ– အာဖရိကနိုင်ငံငယ်များအရေးကို ကြိုတင် ဗေဒင်ဟောချင်ပါသော်လည်း ကျွန်မရေးပုံသည် ဝတ္ထုဆန်နေပေမည်။

ဆရာနှင့် ပြန်လည်တွေ့ချိန်အထိတော့ အီကွေတာတွင် ရာသီဥတုသည် သာယာကောင်းပါရဲ့၊ အနောက်လေကြမ်းလက်မှ လွတ်မြောက်စကိုလိုနီပြည်ငယ်များသည် အနေမတတ်လျှင် အရှေ့မြောက်နှင့် အနောက်မြောက်လေရဲများ၏ 'ချစ်လှချည့်ရဲ့'စကားလုံးတွင် ရေစုန်မျောကြပေမည်။

သြော်.... ညဥ့်ခရီးကို စတင်ထွက်စဆိုသော်လည်း စိတ်ထဲက မိုးသောက်စေချင်လှပြီ။

မိုးသောက်လျှင် နေခြည်သည် ရွှန်းမြ၍ ပန်းများလည်း ပွင့်ကြပေမည်။

တေးကိုဆို၍ အရုဏ်ကို ကြိုမည့် မိုးသောက်ငှက်ငယ်များသည် ဆရာ၏ ကောင်းသတင်းကိုလည်း ပြောကြားနိုင်ပါစေသတည်း။

ရှမဝမဂ္ဂဇင်း၊ မေ၊ ၁၉၆၄။

■

mgyoe.com

mgyoe.com

# ဘုတ်ဆုံမင်္ဂလာဆောင်

မျက်မှောက်ခေတ်ကို ရာဇဝင်စာတင်မည့်အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ အကြောင်းသည်လည်း တစ်ကဏ္ဍပါဝင်ပေလိမ့်မည်။

ထိုရောအခါ ရာဇဝင်ဆရာတို့သည်လည်းကောင်း၊ သမိုင်းဆရာတို့သည်လည်းကောင်း ဦးနု၏ဘဝကို လေ့လာကြပေလိမ့်မည်။ သူတို့၏ လေ့လာချက်များတွင် ဦးနု၏ ပြုလုပ်ဆောင်ရွက်ချက်များ၊ စိတ်သဘောထားများနှင့် အခြားကြီးကျယ်ထင်ရှားသော အကြောင်းများပါမည်ကား မလွဲပေ။

ဆဋ္ဌသင်္ဂါယနာ၊ မဟာပါသာန လိုဏ်ဂူအကြောင်းသည်လည်းကောင်း၊ တိုင်းပြည်အား ချောက်ထဲသို့ကျရန် လက်နှစ်လုံးမျှ လိုသောအချိန်တွင် ကယ်တင်ခဲ့ပုံကိုလည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်တို့နှင့် အဆက်အသွယ်သည်လည်းကောင်း၊ သူခိုးကြီးသူခိုးငယ်တို့ကို ရဲဘက်တော်တို့နှင့် ဖမ်းပုံသည်လည်းကောင်း၊ အမြောက်သံ ဗုံးသံတို့ကြားမှ သူ၏ ကြေးစည်သံအကြောင်းသည်လည်းကောင်း၊ လောဘ ဒေါသ မောဟတို့ဖုံးလွှမ်း၍ သရဲသဘက်စီးနေသော ကမ္ဘာအခြေပေါ်တွင် မူတည်၍ ဓမ္မဆန်ဆန် ပြောတတ်သော သူ့မိန့်ခွန်းများအကြောင်းတို့သည် လည်းကောင်း ကြီးကျယ်ထင်ရှားစွာ ကဏ္ဍအလိုက် ပါဝင်ကြမည်မှာ မလွဲပေ။

သို့သော် မဟာရာဇဝင်ဆရာတို့နှင့် မဟာသုတေသီတို့သည် "ဘုတ်ဆုံလေး၏ မင်္ဂလာဆောင်"အကြောင်းကိုမူ သူတို့ပြုစုသော ကျမ်း

mgyoe.com

mgyoe.com

အစောင်စောင်တွင် ထည့်သွင်းလိုကြမည် မဟုတ်ပေ။

မှန်၏။ ဘုတ်ဆုံမင်္ဂလာဆောင်အကြောင်းသည် ရာဇဝင်ကျမ်းနှင့် စာလျှင် သေးဖွဲကောင်း သေးဖွဲပေလိမ့်မည်။

သို့သော် အကယ်၍များ မဆိုစကောင်း ဆိုစကောင်း မရွှေဇင်သာ ဝန်ကြီးချုပ်ပါဝင်သော ရာဇဝင်ကို ပြုစုသူ ရာဇဝင်ရေးဆရာသာ ဖြစ်ခဲ့ပါမူ သူသည် ဘုတ်ဆုံမင်္ဂလာဆောင်အကြောင်းကို ရာဇဝင်စာတင်မည် ဖြစ်ပေသည်။

ဘုတ်ဆုံအကြောင်းသည် သေးဖွဲသည်ဆိုပေမင့် ဝန်ကြီးချုပ်၏ သဘောထား စိတ်နေစိတ်ထားကို ဖော်ပြရာ၌ ဤအကြောင်းမပါလျှင် ပြည့်စုံခြင်းအဖြစ်သို့ ရောက်လိမ့်မည်မဟုတ်ဟု ရွှေဇင်က ယူဆမိပေသည်။

"ဘုတ်ဆုံတစ်ယောက် မင်္ဂလာဆောင်တော့မတဲ့"

"ဟင်...."

ရွှေဇင်သည် အံ့သြ၍သွား၏။

"ဘယ်တော့လဲ...."

"ဒီနေ့ပဲဆောင်မယ်...."

ရွှေဇင့်စိတ်ထဲတွင်တော့ မြန်သည်ဟု ထင်၏။ သို့သော် ဘုတ်ဆုံ မင်္ဂလာဆောင်ခြင်းသည် အမှန်တော့ ဘုရင့်သမီးတော်များလို နှစ်ပေါင်း လပေါင်းများစွာက ကြွေးကြော်ထားရန် မလိုပေ။

သူလေး ယခုကဲ့သို့ တင့်တောင့်တင့်တယ် မင်္ဂလာဆောင်တော့မည် ဆိုတော့ ရွှေဇင်သည် ဝမ်းသာမိ၏။ ဘုတ်ဆုံသည် ဦးနုဝန်ကြီးချုပ်ဖြစ်စ ကတည်းက ဝန်ကြီးချုပ်အိမ်တွင် နေလာခဲ့သော အိမ်တော်ပါတစ်ယောက် ဖြစ်လေသည်။ အလုပ်သမားတစ်ယောက်အနေနှင့် ဆိုလျှင်လည်း ဝန်ကြီး ချုပ်အိမ်တွင် သူ၏ အမှုထမ်းသက်မှာ မရွှေဇင်ထက် ကြာပေသည်။ တုတ်တုတ်ခဲခဲနှင့် သူ့ကိုယ်လုံးသည် ဘုတ်ဆုံဆိုသောနာမည်နှင့် လိုက်ပေ သည်။ ပါးဖောင်းဖောင်းနှင့် တစ်တစ်ရစ်ရစ်ရှိ၏။

မရွှေဇင်သည် ဘုတ်ဆုံ၏ ကိုယ်လုံးအကြောင်း စဉ်းစားနေစဉ် ဗြုန်းဆို.... ဗိုလ်သက်တင် ရောက်လာ၏။

"ကဲ.... မရွှေစင် ဘာတွေ စဉ်းစားနေသလဲ။ ဒီနေ့ ခင်ဗျား ဘာလုပ်

mgyoe.com

mgyoe.com

ရမယ်ဆိုတာ သိပြီလား....”

“ဟင်.... ဘာလဲ၊ ဘာကိုလုပ်ရမှာလဲ....”

“ဒီနေ့ ၁၂ နာရီ ဘုတ်ဆုံမင်္ဂလာဆောင်မယ်”

“ဒါတော့.... ကျွန်မသိပြီးပြီ”

“အဲဒါ ဧည့်သည်တွေဧည့်ခံဖို့ ကူလုပ်ပေးရလိမ့်မယ်။ သံတွဲအဖွဲ့ (သံတွဲ ရွှေဆံတော်ဘုရားတည်ရန် လှူဒါန်းသောအလှူရှင်များ) လူတွေနဲ့ ဝန်ကြီးဦးဝင်း၊ ဟသ်ာတ ဦးမြတို့လည်း လာလိမ့်မယ်။ ပြီးတော့ တစ်ခုက လည်း ဝန်ကြီးချုပ်က ပြောတယ်။ တခြားသတို့သမီးတွေ ပြင်ဆင်သလို ဘုတ်ဆုံကိုလည်း ပြင်ဆင်ပေးရမယ်တဲ့။ သူ့အတွက် ဝတ်စုံတော့ ဒေါ်စောသင် ယူလာလိမ့်မယ်။ ခေါင်းမှာ ဆံထုံးထုံးရမယ်.... ပြီးတော့ ဟောဒီလို ဆံမြိတ်ရှည်လည်း ချရမယ်။ (ဗိုလ်သက်တင်သည် လက်နှင့် ဆံမြိတ်ရှည် ချဟန် အသေအချာ လုပ်ပြ၏) ပဝါလည်း ခြုံပေးရမယ်။ အစတုန်းကတော့ ဆံထုံးထုံးဖို့ ဒေါ်နီနီကို ခေါ်မလို့ပဲ။ သွားအကြောင်းကြားတော့ သူမရှိတော့ဘူး.... အဲဒီတော့ ခင်ဗျားပဲ အားလုံးလုပ်ပေးပါ။ ကဲ.... ကျွန်တော် သွားမယ်....”

ဗိုလ်သက်တင်သာ သူ့ရုံးခန်းထဲမှ ထွက်သွားသည်၊ မရွှေဇင်က တော့ ငြိမ်သက်မြဲပင် ငြိမ်သက်နေ၏။ ဘုတ်ဆုံမင်္ဂလာဆောင်မည်ကိုတော့ ဝမ်းသာလှပါ၏။ ဆံထုံးကို ဘယ်လိုထုံးပေးရပ့်။ ခုလိုအခါမှ အပြင်ထွက် သွားသော မမနီကိုလည်း စိတ်ထဲမှ အပြစ်တင်မိ၏။ ဆံထုံးမထုံးဘဲ တော်သလို လျော်သလို လုပ်သွားလို့လည်း မဖြစ်ပေ။ ဝန်ကြီးချုပ်သည် သူ ခိုင်းသည်ကို တိတိကျကျလုပ်မှ ကြိုက်သည်။ တခြားအလုပ်ဆိုလျှင်လည်း တော်သေးသည်။ ယခု ဘုတ်ဆုံကို ဖြစ်သလို ပြင်ဆင်ပေးလိုက်လျှင်....

“မရွှေဇင် မင်းတို့က ဘုတ်ဆုံဟာ အိမ်မှာ အဖော်ထားတဲ့ မိန်းကလေး မို့ ဂုဏ်မရှိလို့ ဂရုတစိုက် မလုပ်ပေးတာလား....” ဟု မေးပေလိမ့်မည်။

ခက်သမှ အတော်ပင် ခက်ပေသည်။ အမှန်ကို ဖွင့်ဟဝန်ခံရပါလျှင် မရွှေစင်သည် အပျိုသာဖြစ်လာသည်၊ တစ်ခါမှ သူ့ဘာသာ ဆံထုံးမထုံး ဖူးပေ။ မှတ်မှတ်ရရ ကျောင်းကပွဲတစ်ခါနှင့် မင်္ဂလာဆောင်စဉ်က တစ်ခါ၊ ပေါင်းမှ နှစ်ခါပဲ ထုံးဖူး၏။ ထိုနှစ်ခါပင် မေမေနှင့် ဒေါ်မမလေး ကောင်းမှု

mgyoe.com

mgyoe.com

ကြောင့် သားသားနားနား ဖြစ်ခဲ့ရလေသည်။ ယခုလည်း မဘုတ်ဆုံလေးကို တော့ လှစေချင်သည်မှာ အမှန်ပါ။ သို့သော် ဆံထုံးမထုံးတတ်သည်က ခက်၏။ ရုံးခန်းမှ နာရီကလည်း ၁၀ နာရီထိုး၍ နေပေပြီ။

ရွှေဇင်သည် ဝန်ကြီးချုပ်အိမ်ကြီး၏ နောက်ခန်းသို့ လျှောက်လာခဲ့သည်။ ဘုတ်ဆုံသည် နောက်ဖေးဆောင်တွင် ကော်ဖီပန်းကန်လုံးတွေကို ဆေးနေလေသည်။

"ဟဲ့.... ဘုတ်ဆုံ၊ ပန်းကန်တွေ မဆေးနဲ့တော့လေ.... သွားတော့ ရေချိုးတော့။ နင် အဝတ်အစားဝတ်ဖို့ ပြင်ရတော့မယ် ၁၀ နာရီထိုးနေပြီ"

"နေ့ခင်း လူကြီးတွေသောက်ဖို့ ကော်ဖီပန်းကန်ဆေးနေတာပါ မမရွှေစင်"

"အေး.... ငါ ဆေးထားလိုက်မယ်။ နင် သွားပြီး ရေချိုးနှင့်နော်၊ ဝန်ကြီးချုပ်က ကောင်းကောင်းမွန်မွန် ပြင်ပေးရမယ်တဲ့"

ဘုတ်ဆုံသည် ခပ်ကြောင်ကြောင်လေး ရွှေဇင်ကို စိုက်ကြည့်နေ၏။ သူ့မျက်နှာသည် လှုပ်ရှားမှု ဘာမှမရှိ။ မင်္ဂလာဆောင်ရမည်ဆို၍ ပီတိကြွကာ ဝမ်းသာနေပုံလည်း မပေါက်၊ ဝမ်းနည်း၍ စိတ်ထိခိုက်ကာ ညှိုးငယ်နေပုံလည်း မပေါက်။ ခပ်တည်တည်နှင့် ငြိမ်သက်လှလေသည်။ မရွှေဇင်သည် ဘုတ်ဆုံကို လေ့လာတိုင်း ဒီမျက်နှာထားမျိုးကို ခဏခဏ တွေ့ရ၏။ ယခုလို တွေ့တိုင်း သဘောကျလှသည်။ "ဘာပဲ ဖြစ်နေနေ မမှု" ဆိုသော ဟန်မျိုးဖြစ်၏။ မှန်၏။ ဘုတ်ဆုံသည် ငါးဖယ်နှင့် တစ်ခါတစ်ခါ တူသည်။ သူသည် ထုပါထောင်းပါ များလာလျှင် တုန်လှုပ်တော့မည် မဟုတ်တော့ပေ။ နောက်ဖေးချောင်လူစုက တစ်ခါတစ်ခါ ဘုတ်ဆုံအကြောင်း စု၍တိုင်ကြ၏။

"ဒီကောင်မလေးဟာ ခွကောင်မလေး၊ တစ်ခါတစ်ခါ သူက မထုံတထုံ နဲ့ တစ်မျိုးပဲ...."

အမှန်တော့ သူတို့သည် ဘုတ်ဆုံစိတ်ကို မလေ့လာတတ်ကြ၍ ယခုလိုဖြစ်သည်ဟု ထင်မိသည်။ တကယ်ဆိုတော့လည်း ဘုတ်ဆုံလို သူငယ်မစားမျိုးလေး၏ စိတ်ကို ဘယ်သူက ဂရုတစိုက် လေ့လာပါမည်လဲ။ မရွှေဇင်နှင့်တော့ ဘုတ်ဆုံ အင်မတန် အံကိုက်၏။ ဘုတ်ဆုံသည် သူ့အား ပြေပြေပြစ်ပြစ်ခိုင်းလျှင် ကျေနပ်ဖွယ်လုပ်ပေး၏။ ဆူလွန်းပူလွန်း၍

mgyoe.com

mgyoe.com

ထုထောင်းလာလျှင်တော့ "ငါမမှု" ဆိုသော မျက်နှာထားနှင့် လုပ်ချင်ရာ လျှောက်လုပ်တော့သည်။

ယခုလည်း သူ့စိတ်ထဲတွင် သူ့အား ဝန်ကြီးချုပ်က ဂရုတစိုက် မင်္ဂလာဆောင်ကိစ္စတွင် ဆောင်ရွက်ပေးသည်ကို အံ့သြနေပုံပေါက်၏။ မယုံနိုင်၍ စိတ်ထဲ၌ ကြောင်သွားပုံလည်း ပေါက်နေပေသည်။

"ကဲ.... သွားတော့လေ ဘုတ်ဆုံ၊ အချိန်မရှိတော့ဘူး။ ရေချိုးတော့"

ဘုတ်ဆုံသည် ပန်းကန်လေးများကို အသာချ၍ အိမ်ပေါ်ထပ်လှေကားသို့ တက်သွားတော့သည်။ ပန်းကန်များ ဆက်လက်၍ ဆေးကြောကာ မရွှေစင်သည် ဘုတ်ဆုံအခန်းသို့ တက်လိုက်သွားရသည်။

ဘုတ်ဆုံသည် ရေချိုးပြီးသွားပြီးနောက် သူ ချမ်းသာသမျှ အလှပြင်ရန် ပစ္စည်းများကို ထုတ်ပြသောအခါ ရွှေဇင်က စိတ်ညစ်သွား၏။ ဆံစုအတိုတစ်ချောင်း၊ အပွေးမရှိသော သနပ်ခါးတုံးတစ်တုံး၊ ပေါင်ဒါအကပ်အသပ်သာ ကျန်သော ပေါင်ဒါဘူးတစ်ဘူး၊ ဆံညှပ်နှစ်ခု ဒါပဲရှိသည်။ ထိုပစ္စည်းများနှင့် ဘုတ်ဆုံကို အလှပြင်ပေးရမည်။ အလှအပကို မရွှေစင်ကလည်း ကောင်းကောင်းမနိုင်၊ ယခု ပစ္စည်းနှင့် လှအောင်ပြင်ရမည်ဆိုတော့ မောလှပါ၏။ ဆံထုံးထုံးစရာလည်း ဘာကိရိယာမှ မရှိပေ။

"ဝန်ကြီးချုပ်က နင့်ကို ဆံထုံးထုံးပေးရမယ်တဲ့၊ နင့်မှာ ဆံစုတွေ ဘာတွေ ဒါပဲရှိလား"

"ဒီတစ်ချောင်းပဲရှိတယ်"

"ဒီလိုဆို ငါ ထုံးတတ်သလို ထုံးပေးမယ်လေ နင် ကြိုက်မလား...."

"မမရွှေဇင် ကြိုက်သလိုသာ လုပ်ပါ"

ဘုတ်ဆုံသည် စိတ်ပျက်လက်ပျက်နှင့် လေးထောင့်မှန်လေးရှေ့ ထိုင်နေပြန်၏။ ဆံစုမရှိဘဲ ဆံထုံးလည်း ဖြစ်အောင်ဆိုလျှင် ယခုခေတ် မိန်းကလေးတွေ ထုံးသလို ဟောလိဝုဒ်ဆံထုံးမှပဲ ဖြစ်ပေမည်။ ဟောလိဝုဒ် ဆံထုံးဆိုသည်မှာ ဆံပင်ကို ထိပ်တည့်တည့်တွင် နှစ်ဖက်ခွဲ၍ ကျစ်ဆံမြီး ကျစ်ရသည်။ ပြီးတော့ ထိပ်တွင် ရစ်ခွေ၍ ဆံထုံးသဏ္ဍာန် လုပ်ထားခြင်းပင် ဖြစ်၏။

"ကဲ.... ကဲ ဘုတ်ဆုံရှေ့တိုး၊ ဆံပင်ရှင်းရအောင်"

mgyoe.com

mgyoe.com

မရွှေဇင်သည် ဆံပင်ကိုရှင်းရင်း တစ်ခု သတိရလာပြန်၏။ ဆံပင်ကို ဖဲကြိုးတစ်ခုခုနှင့် ချည်ထားမှ ကျစ်ဆံမြီးကျစ်၍ ဖြစ်မည်။ ဖဲကြိုးဘယ်မှာ ရှာရပါ့။

သူတွေးနေစဉ် မစိန်စိန်သည် တံခါးကို တွန်း၍ ဝင်လာသည်။

"ကိုယ်.... ဘာကူပြီး လုပ်ပေးရဦးမလဲ.... မရွှေဇင်"

"တတ်နိုင်ရင် ကူပါဦး.... ဘုတ်ဆုံခေါင်းမှာ ချည်ဖို့ ဖဲကြိုးလိုနေတယ်။ ဘယ်မှာရမလဲ...."

ကျဉ်းထဲကျပ်ထဲဆိုလျှင် မစိန်စိန်သည် အားကိုးရ၏။ "ဒီမှာ ကိုယ် ဒီအပေါ်လာတုန်း တင်တင်ညွန့်ကို ရုံးခန်းထဲမှာ တွေ့ခဲ့တယ်။ သူ့ခေါင်းမှာ ဖဲကြိုးချည်လာတယ်။ ကိုယ် သွားတောင်းပေးမယ်...."

မစိန်စိန်ဆင်းသွားစဉ် ရွှေဇင်ရင်ထဲတွင် ထိတ်နေ၏။ သူ့ကိုယ်သူ လှအောင် ပြင်ဆင်လာသော တင်တင်ညွန့်သည် ခေါင်းမှ အလှစည်းထားသော ဖဲကြိုးကို ဖြုတ်ပေးပါမည်လား။ စိတ်ထဲမှာ ထိတ်နေ၏။ မကြာမီ မစိန်စိန် ဝင်လာသောအခါတွင် ရွှေရောင်ဖဲကြိုးလေးမှာ သူ့လက်ထဲပါလာ၏။

"သူ့ခေါင်းက တင်တင်ညွန့် ဖြုတ်ပေးလိုက်တယ်.... ရော့ ရော့...."

မစိန်စိန်လက်ထဲမှ ဖဲကြိုးကိုယူကာ မရွှေဇင်မှာ ဘုတ်ဆုံဆံပင်ကို ချည်ရပြန်လေသည်။ ဆံထုံးထုံးပြီးသောအခါတွင် ဘုတ်ဆုံသည် ရွှေစင့် ဆံထုံးကို မကြိုက်ပေ၊ တကယ်လည်း ကြိုက်ချင်စရာမရှိပေ။ ဆံထုံးသည် ဆံထုံးနှင့်မတူဘဲ ဘာနှင့်တူနေမှန်း မသိပေ။ ဒါပေမင့် မရွှေဇင်သည် ဉာဏ်စွမ်းရှိသမျှ၊ လက်စွမ်းရှိသမျှ လုပ်ပေးခြင်းဖြစ်၏။

"ဘုတ်ဆုံရယ်.... ငါတော့ ဒါပဲ လုပ်တတ်တယ်နော်.... နင်တော့ ကြိုက်မှာမဟုတ်ဘူးထင်တယ်"

"ကိစ္စမရှိပါဘူး မမရွှေဇင်ရယ်...." ဘုတ်ဆုံစိတ်ထဲတွင်လည်း ဖြစ်ချင်သလို ဖြစ်ပေစေတော့ ဟူ၍ သဘောထားဟန်တူပေသည်။

ကဲ.... မျက်နှာကို လူးရဦးမည်။ ဘာနှင့် ဘယ်လို လူးရမှန်းလည်း မသိ။ မိတ်ကပ်တို့ ဘာတို့လည်း မရွှေဇင်က မသုံးဖူးပေ။ မစိန်စိန်သည် ဘုတ်ဆုံ၏ အလှပစ္စည်းများကို ကြည့်ကာ နှာခေါင်းရှုံ့သွား၏။

"မရွှေဇင် ကိုယ် အိမ်ပြန်ပြီး မိတ်ကပ်နဲ့ ပေါင်ဒါသွားယူလိုက်ဦးမယ်....

mgyoe.com

mgyoe.com


ဒီအတိုင်းဆိုရင် ဘုတ်ဆုံလေး မျက်နှာမည်းနေလိမ့်မယ်"

မစိန်စိန်သည် သူ့အိမ်မှ မိတ်ကပ်နှင့် ပေါင်ဒါကို ယူလာ၍ မျက်နှာကို ခြယ်ကြပြန်သည်။ ဘုတ်ဆုံသည် ပင်ကိုကလည်း ရွှေဇင်လောက် အသားညိုသူမဟုတ်၍ မျက်နှာလေးမှာ ပွင့်၍လာသည်။

မစိန်စိန်နှင့် ရွှေဇင်မှာတော့ သူတို့ခြယ်သထားသော သတို့သမီးရုပ်ကို ရွှေရုပ်ကလေးလို အောက်မေ့လာကြသည်။

၁၁ နာရီ ဒေါင်ဒေါင်ထိုးလျှင် စက္ကူအိတ်တစ်ပွေ့ကြီးနှင့် ဒေါ်စောသင် ဝင်လာ၏။

"ဟောဒီမှာ ဘုတ်ဆုံဖို့ အဝတ်အစားတွေ"

ဘုတ်ဆုံ၏ ခုတင်ပေါ်သို့ စက္ကူအိတ်များကို ပစ်တင်လိုက်၏။ သူသည် စက္ကူအိတ်ထဲမှ လုံချည်၊ အင်္ကျီများကို တစ်ခုစီ ထုတ်ပြလေသည်။

ငွေဇာပြင် အပြာရောင်နှစ်ထပ်လုံချည်၊ ငွေချည်ဖောက်ထားသော ရှိုးယားနိုင်လွန်အင်္ကျီ၊ ဇာဘော်လီတစ်ထည်၊ ရွှေလက်ကောက်နှစ်ရန်၊ ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း။

"ကဲ.... ဘုတ်ဆုံ၊ ဒါတွေ ဝတ်ထားတော့ ဝန်ကြီးချုပ်အမိန့်အတိုင်း ငါတော့ အားလုံး ဝယ်လာတာပဲ။ ကဲ.... ဝတ်ပေတော့...."

ဘုတ်ဆုံကို မစိန်စိန်ရော၊ ဒေါ်စောသင်ပါ ဝိုင်း၍ ဆင်ကြ၏။ ဘုတ်ဆုံသည် ယခုလိုဆိုတော့လည်း သားသားနားနား ရည်ရည်မွန်မွန်နှင့် တကယ့်မိန်းမချောလေး ဖြစ်လာသည်။ ဒေါ်စောသင်သည် ကျန်စက္ကူစာအိတ်ထဲမှ ပန်းနွယ်အဖြူနှစ်ခွေ ထုတ်လိုက်ပြန်၏။ ဆံထုံးကလေးသည် ဆံမြိတ်ရှည် ပန်းတို့နှင့် ဆင်ယင်ခြယ်သလိုက်သောအခါ ကြည့်ပျော် ရှုပျော် ဖြစ်လာပြန်သည်။

"မခေသော ငါပါကလား...."

မရွှေဇင်သည် သူ့ကိုယ်သူ ချီးမွမ်းလိုက်၏။ အားလုံး ပြင်ဆင်ပြီးသော်လည်း ရွှေစင်မျက်စိထဲတွင် ဘုတ်ဆုံသည် တစ်ခုခုလိုနေသလို ဟာတာတာ ဖြစ်နေ၏။

"ဝိုင်းကြည့်ကြပါဦး။ ဘာများလိုနေသေးလဲ၊ ဝေါင်းစင်းစင်းလိုပဲ...."

အားလုံးဝိုင်း၍ ကြည့်ပြန်သည်။ နောက်ဆုံးမှ ဒေါ်စောသင်က

mgyoe.com

mgyoe.com

"ပဝါလိုတယ်ဟေ့.... သတို့သမီးဆိုတာ ပဝါနဲ့မှ ဣန္ဒြေရတယ်.... ငါလည်း ဝယ်လာဖို့ မေ့လာတယ်" ဟု ပြောပြပြန်သည်။

"လည်ပင်းမှာလည်း ရွှေဆွဲကြိုးအပေါ်က ပုလဲကုံးလေးတစ်ကုံးပါရင် ပိုပြီး ယဉ်မယ်ထင်တယ်" အနုစိတ်သူ မစိန်စိန်က သူ၏ ထင်မြင်ချက်ကို ပြောပြန်၏။ မှန်၏။ သို့သော် ပဝါနှင့် ပုလဲပုတီးကို ဘယ်ကရပါမည်နည်း။ ပွဲထုတ်ရမည့်အချိန်က နီးလာလေပြီ။

"ဘယ့်နှယ့်လုပ်ရပါ့...."

ရွှေဇင်သည် ရုတ်တရက် သတိရလာ၏။

"မမစိန်ရယ်.... ကျေးဇူးပြုပြီး တင်တင်ညွန့်လေးကို ဖုန်းနဲ့ပြောပေးပါ။ ဗိုလ်သက်တင်ဆီမှာ ကားခဏယူပြီး အိမ်မှာ ကျွန်မ မင်္ဂလာဆောင်တုန်းက ခြုံတဲ့ ပဝါအပြာရောင်နဲ့.... ပုလဲပုတီး ယူခိုင်းလိုက်ပါ...."

မစိန်စိန်သည် သူ၏ သေးနွဲ့သော ကိုယ်နှင့် ကမန်းကတန်း ပြေး၏။

နာရီဝက်အတွင်းတွင် သူတို့၏ ရွှေစင်ရုပ်ကလေးဖြစ်သော မဘုတ်ဆုံသည် သတို့သမီးတို့၏ ဆင်ယင်အပ်သော ဝတ်စားတန်ဆာတို့ဖြင့် ပြီးပြည့်စုံခြင်းသို့ ရောက်လေသည်။ ပဝါအပြာရောင်နှင့် ငွေဇာပြင်အပြာရောင် ထဘီမှာ လိုက်ပေသည်။ ပဝါလေးကို ခြုံပေးစဉ် မရွှေဇင်က ဆုတောင်းပါ၏။

"သူ၏ အိမ်ထောင်ရေးသည် ပြေပြစ်ချောမောချ၍ မေတ္တာတရားနှင့် ပြည့်ဝသလို၊ မဘုတ်ဆုံလေး၏ ဘဝခရီးသည်လည်း သာယာပါစေသတည်း"

ဘုတ်ဆုံကို ကြည့်ရသည်မှာတော့ အသက်မရှိသော အရုပ်လို၊ ကြိုက်သည် မကြိုက်သည် ဘာမှမပြော၊ ဆင်ယင်ပေးသမျှ ငြိမ်သက်စွာ ခံ၍ နေပေသည်။

"ကဲဟေ့.... ဝန်ကြီးချုပ်က ဘုတ်ဆုံကို ပွဲထုတ်လာခဲ့ရမတဲ့"

ဒေါ်စောသင်က အခန်းဝမှ လာရောက် ကြေညာပြန်သည်။ ခက်ရချည့်၊ ပွဲထုတ်ဆိုသည်မှာတော့ ဟုတ်ပါ၏။ သတို့သမီး ဘုတ်ဆုံခများ တစ်ယောက်တည်း ငေါင်းစင်းစင်း ထွက်ရရှာတော့မည်။ ယခုလိုဆိုတော့ ဘုတ်ဆုံမျက်နှာလေးသည် ရဲရဲနီ၍လာသည်။

"ကျွန်မတစ်ယောက်တည်း ထွက်ရမယ်...."

အသံလေး တုန်တုန်နှင့် သူသည် မေးလိုက်၏။ သူသည် ဘယ်သူ

mgyoe.com

mgyoe.com

ဘယ်ဝါတွဲ၍ ထုတ်ပါဟု မပြောဝံ့၊ မပြောရဲရှာပေ။ မှန်ပေသည်။ သူ့အား ယခုလို တခမ်းတနား မင်္ဂလာဆောင်ပေးသည်ကိုပင် ကျေးဇူးတင်ရှာပေမည်။ သို့သော် တစ်ယောက်တည်း ထွက်ရမည်ဆိုတော့လည်း ရှက်ပေမည်။

ဘုတ်ဆုံနေရာတွင် ဘုရင့်သမီးလေးသာ ဖြစ်ပါလျှင် အပျိုရံလုပ်ချင်သူတွေ ရှစီတက်၍ မလုပ်ရသူတို့ ချုံးချ၍ ငိုကြမည်ဖြစ်ပေသည်။

"ကဲလေ.... ငါလိုက်ပို့မယ်....။ ဘုတ်ဆုံ ဘာမှရှက်မနေနဲ့.... လာ.... လာ...."

ဘုတ်ဆုံကို မရွှေဇင်ကတွဲ၍ လှေကားမှ ဆင်းလာသည်။ အာဂ မရွှေစင်ပါကလား....။ နှယ်နှယ်ရရ မဟုတ်၊ ဝန်ကြီးချုပ်၏ အိမ်တော်ပါ မဘုတ်ဆုံ၏ သတို့သမီးအပျိုရံ မရွှေဇင်ပါပေ။

လှေကားခြေရင်းရောက်လျှင် ရုတ်တရက် ဒေါ်ရွှေစိန်က ပြောပြန်သည်။

"ဟေ့.... မရွှေဇင်.... ဘုတ်ဆုံခြေထောက်မှာ ဖိနပ်လည်း မပါဘူး...."

ဟုတ်၏။ သူ့ခြေထောက်တွင် ဖိနပ်မပါပေ။

"ကျွန်မဖိနပ် လှေကားအောက်မှာ"

လှေကားရင်းမှ တင်တင်ညွန့်သည် ဘုတ်ဆုံညွှန်ပြရာမှ ဖိနပ်ကို ဆွဲထုတ်လာ၏။ ဖိနပ်လေးမှာ ဖင်နိမ့်၍ ဦးမော့နေသည်....။ တစ်ပတ်ရစ်ဖြစ်နေ၍ ဘုတ်ဆုံ၏ အဝတ်အစားများနှင့် မလိုက်ပေ။

"ဟာ.... ဒီဖိနပ်ကြီးက ဟောင်းပါတယ်.... မမရွှေဇင်ရာ.... အသစ် မရှိတော့ဘူးလား...."

တင်တင်ညွန့်သည် ဖိနပ်အဟောင်းကို ဘုတ်ဆုံ မစီးစေချင်ပေ။ ကဲ.... မတတ်နိုင်တော့ပြီ....။ တစ်နေ့ကမှ ဝယ်၍ စီးလာသော သူ၏ ဒါးမောက်ဖိနပ်အသစ်ကလေးကို မရွှေဇင်သည် ဘုတ်ဆုံကို ချွတ်ပေးလိုက်၏။

ဟန်နှင့်ပန်နှင့် လက်ထပ်ခန်းသို့ ဘုတ်ဆုံ ဝင်ရောက်လာလေသည်။ လူကြီးမင်းအပေါင်းဖြစ်သည့် ကုန်သည်ကြီးများ၊ ဝန်ကြီးများနှင့် ဝန်ကြီးချုပ်၊ ဝန်ကြီးချုပ်ကတော်တို့သည်လည်း အဆင်သင့်ထိုင်နေကြသည်။ လက်ထပ်သည့်နေရာတွင် သတို့သားသည် ရောက်နှင့်၍ ဆိုဖာတစ်ခုပေါ်တွင် ထိုင်နေ

mgyoe.com

mgyoe.com

လေသည်။

ယခုလိုဆိုတော့လည်း မရွှေဇင်ပင် လက်ဖျားတွေ အေးလာ၏။ ဒေါ်စောသင်သည် နောက်မှ ဝင်လိုက်လာကာ သတို့သားနှင့် ယှဉ်လျက် ဆိုဖာပေါ်သို့ မဘုတ်ဆုံအား ခေါ်ယူ၍ ထိုင်စေသည်။

မရွှေဇင်သည် ကိတ်မုန့်လှီးသည့် နေရာသို့ ပြန်လာ၍ မင်္ဂလာပွဲတွင် ဘယ်သူတွေ ဘာပြောနေမှန်းမသိပေ။

"ဝန်ကြီးချုပ် မိန့်ခွန်းပြောနေတယ် ဆရာ...."

ရွှေဇင်သည် ဝန်ကြီးချုပ် စကားပြောနေသည်ဆိုတော့ သုတ်ခြေတင်ကာ မင်္ဂလာခန်းဝသို့ ပြေးကာ နားထောင်မိသည်။ သူ ရောက်ချိန်တွင် စကားမှာ တစ်ဝက်တစ်စပင် ပြီးနေလေသည်။

"အခုခေတ်ကြီးမှာ ဘယ်သူဟာ အောက်တန်းစား၊ ဘာမလုပ်ရဘူး၊ ဘာမဖြစ်ရဘူးလို့ မရှိပါဘူး။ ကြိုးစားရင် ဘယ်သူမဆို ဖြစ်နိုင်တယ်....။ အခု သတို့သား "+++" ဟာလည်းပဲ ကြိုးစားလို့ အရည်အချင်းရှိလာတဲ့ တစ်နေ့ သမ္မတလည်း ဖြစ်နိုင်တယ်။ ဝန်ကြီးချုပ်လည်း ဖြစ်နိုင်တယ်။ ဒီခေတ်ကြီးမှာ အခွင့်အရေးတွေ အများကြီးရှိပါတယ်...."

သူ့မိန့်ခွန်းကို ရွှေဇင်သည် ဒါပဲ ကြားလိုက်၏။ သူ့မိန့်ခွန်းသည် တိုသည်။ သို့သော် နက်နဲသည်။ အဓိပ္ပာယ်ပါသည်။ ထိုမျှ တိုတောင်းသော မိန့်ခွန်းထဲတွင် ဒီမိုကရေစီ၏ သရုပ်သည်လည်း အပြည့်အစုံပါသည်။ ကျွန်နှင့် သခင်ဟူ၍ လူတန်းစားခွဲနေသော (လက်ရှိ သူ့ပတ်ဝန်းကျင်ကို) တိုက်ပစ်လိုက်သော အဓိပ္ပာယ်တွေလည်း ပါသည်။ မာနနှင့် မောဟတရားကို ထုတ်ဖော်လိုက်သော ဓမ္မသံလည်း ပါသည်။ တစ်နေ့ ဆင်းရဲသားဖြစ်သော်လည်း တစ်နေ့ ဝန်ကြီးချုပ်ဖြစ်ချင်ဖြစ်မည်။ ဝန်ကြီးကလည်း ထမင်းချက်ဖြစ်ချင်ဖြစ်မည်ဟူသော မမြဲသော၊ မစိုးမပိုင်သော၊ သဘောတရားတို့လည်း ပါသည်။ တစ်ဖက်မှ ကြည့်လျှင်လည်း ကိုယ့်ကိုယ်ကိုယ် အလိုလို အထင်သေးနေသည့် ဂုဏ်နိမ့်သူ လူငယ်တို့အပေါ်တွင် စိတ်တက်ကြွအောင် သွေးထိုးပေးသော အားတက်ဖွယ် စကားလုံးများလည်း ဖြစ်ပေသည်။

(ဤနေရာတွင် သာမန်ဝန်ကြီးချုပ်၏ စကားလုံးကို မရွှေဇင်သည် အကြီးအကျယ်ချဲ့၍ ထင်မြင်သည်။ ဝန်ကြီးချုပ်အား ဖော်လံဖားသည်

mgyoe.com

mgyoe.com


ဆိုငြားအံ့၊ တစ်စုံတစ်ရာ မချေပလိုပါ။ သို့သော်.... မရွှေဇင်တို့လို ဂုဏ်ငယ်သူတိုင်းမှာမူ ကိုယ့်အား လူကြီးများက အရေးတယူ အားပေးစကားဆိုလျှင် ဝမ်းမြောက်ဝမ်းသာ လက်ခံလိုပေသည်) (ဤကား စကားချပ်ဖြစ်ပေသည်)

မင်္ဂလာပွဲပြီး၍ ဘုတ်ဆုံကို အသာပြန်၍ ခေါ်လာသည်။

"ကဲ.... မရွှေဇင်၊ ဘုတ်ဆုံရဲ့ ပစ္စည်းတွေအားလုံး ၁၀ မိနစ်အတွင်း ကားပေါ်အရောက်တင်ပေးလိုက်ဟေ့။ ဘုတ်ဆုံလည်း လိုက်သွားရလိမ့်မယ်"

ဝန်ကြီးချုပ်သည် မရွှေဇင်အား ပြောကာ စည်းဝေးခန်းသို့ ထွက်သွားသည်။ ဘုတ်ဆုံနှင့် ရွှေဇင်သည် လှေကားဝအရောက်တွင် ဘုတ်ဆုံသည် ရပ်နေသည်။

"မမရွှေဇင်.... ခဏစောင့်ပါဦး။ အိမ်နောက်ဖေးမှာ ကျွန်မလုံချည်တွေ လှမ်းထားတယ်။ သွားရုပ်လိုက်ဦးမယ်၊ စောင့်ဦးနော်...."

"ဟဲ့.... ဟဲ့.... မဖြစ်သေးပါဘူး။ မသွားနဲ့၊ နင့် ဒီသတို့သမီး အဝတ်အစားတွေနဲ့ ထဘီရုပ်တာ ကြည့်မကောင်းပါဘူး....။ ငါ ပြေးရုပ်လိုက်မယ်။ သွားနှင့်။ အိမ်ပေါ်တက်ပြီး သိမ်းစရာရှိတာ သိမ်းနှင့်တော့"

ရွှေဇင်သည် နောက်ဖေးသို့ ကမန်းကတန်းပြေး၍ ဘုတ်ဆုံထဘီများကို ရုပ်ကာ လှေကားဘက်သို့ လျှောက်လာသည်။ ဘုတ်ဆုံသည် လှေကားဝမှာ ရပ်မြဲရပ်၍ ရွှေဇင့်လက်ထဲမှ ထဘီများကို လှမ်းယူသည်။

"ကန်တော့.... မမရွှေဇင်"

ပြောရင်း သူ့အသံများ တုန်၍ မျက်ရည်များ လည်နေသည်။

"ကဲ.... လာ၊ အပေါ်တက်စို့"

အပေါ်တွင် ဘုတ်ဆုံပစ္စည်းတွေကို စောင်ကြီးတစ်ထည်နှင့် ထုပ်ရ၏။ ဝန်ကြီးချုပ်ကတော် ပေးထားသော ရွှေငါးစောင်အသစ်ကိုလည်း ထည့်၍ ထုပ်လိုက်သည်။ ဘုတ်ဆုံသည် ကျောက်ပျဉ်လေးတစ်ခုကို မ,လာပြန်၏။

"မမရွှေဇင်.... အထုပ်ဖြေပါဦး၊ ဒီကျောက်ပျဉ်လည်း ထည့်လိုက်ပါ။ ဘွားဘွား (ဝန်ကြီးချုပ်အမေ) ဘုတ်ဆုံကို ပေးသွားတာ" သူသည် ကျောက်ပျဉ်လေးကို အမြတ်တနိုးထည့်၍ ထုပ်ပြန်သည်။

မကြာခင်ပင် အထုပ်အပိုးများ သယ်ရန် ဂျာဒူး ရောက်လာ၏။

မရွှေဇင်နှင့် ဘုတ်ဆုံသည် အောက်သို့ ဆင်းလာကြသည်။ ဂျာဒူး

mgyoe.com

mgyoe.com


သည် သူ၏ အထုပ်အပိုးများနှင့် နောက်က လိုက်လာသည်။ မဘုတ်ဆုံက သွားခါနီးတွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ကတော်ကို ကန်တော့လိုသည်ဟု ဆို၏။ ထို့ကြောင့် ရွှေဇင်သည် ဝန်ကြီးချုပ်အား သွားရောက် အကြောင်းကြား ရပြန်သည်။

တစ်မိနစ်အတွင်းတွင် သတို့သားနှင့် သတို့သမီးသည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ကတော်အား ကန်တော့နေသည်။ မရွှေဇင် မျက်လုံးများကမူ သတို့သားလည်ပင်းမှ ညှင်းကွက်ကို မြင်နေသည်။ ကန်တော့ပြီး သူတို့သည် ဆင်ဝင်အောက်တွင် ရပ်ထားသော ကားရှိရာသို့ သွားကြသည်။

မဘုတ်ဆုံတော့ သွားပေဦးတော့မည်။ ဘုတ်ဆုံသည် သာယာချမ်းမြေ့သော ရင်ခွင်တွင် ခိုလှုံရပါစေ။ တချို့ကမူ မဘုတ်ဆုံသည် ခွကျသည်၊ မနာခံ၊ ထုံပေပေနိုင်သည်၊ မိုက်သည်ဟု ဆို၏။ သို့သော် ဘုတ်ဆုံသဘောကို နားလည်လျှင် အင်မတန် နာခံ၍ ခိုင်းကောင်းသော သူငယ်မကလေးဖြစ်၏။ သူ့ယောကျာ်းသည် သူ့သဘောကို နားလည်ပါစေ။

မိုက်သည် ဆိုသည်မှာတော့ လူတိုင်းလူတိုင်း တစ်ခါတစ်ခါ မိုက်ကြပေသည်။ မရွှေဇင်လို မိအုပ်ဖအုပ်၍ သိမ်မွေ့သော ဆုံးမခြင်းအလယ်တွင် ကြီးပြင်းလာသော ပညာတတ်မိန်းကလေးပင် တစ်ခါတလေ မိုက်ပေသေးသည်။ မဘုတ်ဆုံလို မိမဲ့ဖမဲ့၊ တစ်ကောင်ကြွက်အဖို့တွင် မိုက်သည့်အခါ မိုက်ပေလိမ့်မည်။

ဘုတ်ဆုံတို့ ဇနီးမောင်နှံ ထိုင်၍နေသော စတေရှင်ဝက်ဂွန်ကားကြီးမှာ ဆင်ဝင်အောက်မှ ထွက်၍သွားလေသည်။

"သွားပေတော့ မဘုတ်ဆုံရေ.... ငါတော့ နေရစ်ရဦးမယ်။ ဝန်ကြီးချုပ် ထွက်မှပဲ ငါလည်း ဒီဝင်းထဲက လွတ်ရမှာပဲ...."

ရွှေဇင်သည် ဆင်ဝင်အောက်တွင် ငေးနေရင်း စိတ်ထဲမှ ရေရွတ်မိ၏။ ရင်ထဲမှာလည်း ဟာသလို၊ ဝမ်းနည်းသလို ဖြစ်သွားသည်။

ညနေရုံးဆင်းချိန်တွင်မူ မရွှေဇင်သည် အိမ်ပြန်ရန် ဖိနပ်မရှိတော့ပေ။

ဘုတ်ဆုံဘဝသည် ချမ်းမြေ့သာယာပါစေ။

ရှုမဝမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၅၄။

■

mgyoe.com

mgyoe.com

# တစ်စခန်းဖြင့် သိမ်းပေပြီ

**စင်းသောအိပ်မက်**

မြက်ခင်းသည် စိမ်းလန်း၍ နေသော်လည်း တိရိညီညာခြင်း မရှိပေ။ တောမြက်ခင်းရိုင်းကဲ့သို့ ထိုးထိုးထောင်ထောင်နှင့် ဒူးဆစ်ခန့်မြင့်သော မြက်များလည်းရှိ၏။ ရေစပ်ရေအိုင်အနီးတွင် မြေတွင်ဝပ်၍ ပိပြားစွာ ပေါက်ရောက်နေကြသော မြက်များလည်း ရှိ၏။ အမှန်တော့ မြက်ခင်းသည် စိမ်းလန်းစိုပြည်သော မျက်စိပသာဒ အလှမှတစ်ပါး၊ ဖရိုဖရဲ ပေါက်ချင်သလို ပေါက်၍နေပေသည်။

"ဟော့.... မရွှေဇင်ရေ.... ငါ့ဆီလာခဲ့ပါဦး"

ဝန်ကြီးချုပ် ဦးနု၏ ခေါ်သံသည် မြက်ခင်းတစ်နေရာမှ ပေါ်လာ၍ မရွှေဇင်သည် ရေပွက်ငယ်လေးများကို ဖြတ်သန်းခုန်ကျော်ကာ ဝန်ကြီးချုပ် ရှိရာသို့ ပြေး၍သွား၏။ ဦးနုသည် လက်ထဲတွင် ခေါင်းပေါင်းကြီးသုံးခု၊ စောင်ကြီးတစ်ထည်ကို ကိုင်ကာ မြက်များပေါ်တွင် မတ်တတ်ရပ်၍ နေပေသည်။ သူ့နောက်တွင် အရာရှိများ၊ စစ်ဗိုလ်မှူး၊ ဗိုလ်ကြီး၊ တပ်သားများက လည်း တသီကြီးဖြစ်၏။ သူတို့သည် ဘာလုပ်နေကြမှန်း မရွှေဇင်က မသိ ပေ။ ဦးနုရှေ့သို့ မရွှေဇင်ရောက်လျှင် ဦးနုသည် သူ့လက်တစ်ဖက်ထဲတွင် ဆင့်၍ကိုင်ထားသော ခေါင်းပေါင်းအသစ်နှစ်ခုကို မရွှေဇင်ခေါင်းပေါ်သို့ တင်လိုက်၏။ ကျန်လက်တစ်ဖက်တွင်ရှိသော ခေါင်းပေါင်းဟောင်းတစ်ခုကို မရွှေဇင်လက်ထဲသို့ ပေးလိုက်၏။

mgyoe.com

mgyoe.com

"ကဲ.... အဲဒါတွေကို ခေါင်းပေါ်က မကျအောင် လျှောက်ပေတော့။ လက်ထဲက ခေါင်းပေါင်းအပျက်လည်း အောက်မကျစေနဲ့နော်.... ဟိုဘက်လှည့်လိုက်ဦး၊ ဟောဒါ ငါ့သက္ကလပ်စောင်ပဲ၊ ပခုံးပေါ်မှာ ခြုံသွား။ ဒါပေမင့် အောက်ကရေတွေနဲ့ မထိအောင် သတိထားသွားနော်.... ငါတို့ နောက်ကလိုက်ခဲ့မယ်။ နောင်ကိုလည်း ငါ ဘယ်သွားသွား မင်းအမြဲ လိုက်ခဲ့ရမယ်။ မင်းကိုယ်ကို ငါ့ရဲ့ အေဒီစီလို သဘောထား ဟုတ်လား.... ကဲ သွားတော့"

"ဟုတ်ကဲ့"

မရွှေဇင်သည် ခေါင်းပေါ်က ခေါင်းပေါင်းသစ်နှစ်ခုကို လျှောမကျရန် ခေါင်းကို မတ်လိုက်ရ၏။ လက်ထဲမှ ခေါင်းပေါင်းအပျက်ကိုလည်း လက်နှစ်ဖက်နှင့် မြဲမြဲဆုပ်၍ ထားလိုက်သည်။ ကိုယ်ပေါ်မှ စောင်ကို လျှောမကျအောင် ပခုံးများကို ထိန်းလိုက်ကာ ကိုယ်ကို ဖြည်းဖြည်းလှည့်၍ ဝန်ကြီးချုပ်တို့ကို နောက်ခိုင်းကာ ဆက်လက် လျှောက်သွားရလေသည်။ နောက်မှ ဦးနုသည် ထက်ကြပ်မကွာ လိုက်လာဟန် ရှိပေသည်။ တစ်ခါတစ်ရံ ပခုံးမှ လျှောကျလုလုဖြစ်နေသော စောင်ကို ဦးနုက ဆွဲယူမ,တင်ပေး၏။ မရွှေဇင်၏ ခေါင်းကတော့ မလှုပ်သာပေ။ ဝဲယာကိုလည်း မကြည့်အား၊ ကိုယ့်ခေါင်းပေါ်မှ ခေါင်းပေါင်းအောက်မကျအောင်၊ စောင်ကို ရေမစိုအောင် သတိထား၍ နေရလေသည်။

မြက်ခင်းကို ကျော်ဖြတ်သွားပြီးသည့်နောက် တာရိုးကြီးတစ်ခုပေါ်ကို မရွှေစင်သည် ဖြည်းညင်းစွာ ဆက်၍ လျှောက်သွားရလေသည်။

"ဝန်ကြီးချုပ်ခင်ဗျား၊ ရောက်ပါပြီ"

နောက်ဘက်ဆီမှ သူငယ်လေးတစ်ယောက်၏ အသံလိုလို ကြားလိုက်ရ၏။

"အလို လက်စသတ်တော့ ငါ့ကို လိုက်ပို့တာ လူကြီးလူကောင်းတွေပါလားဟေ"

ဦးနု၏အသံသည် ထွက်ပေါ်လာပြန်၏။ မရွှေဇင်သည် သူ့နောက်တွင် ဘာတွေဖြစ်နေသည်ကို သိချင်လာ၏။ ကိုယ်ကို ဖြည်းညင်းစွာ လှည့်၍ ကြည့်လိုက်သောအခါ မရွှေဇင်သည် အံ့သြ၍သွား၏။ ဦးနု၏နောက်တွင် ပါလာခဲ့သော တပ်တောင်တာ ဗိုလ်ထုတို့သည် တစ်ယောက်မှ မရှိတော့ပေ။

mgyoe.com

mgyoe.com

နွားကျောင်းသားလို လူငယ်လေးနှစ်ယောက်သာ ဦးနုနောက်တွင် မတ်တတ်ရပ်လျက်ရှိ၏။

"အဲဒီလမ်းကနေ ကမ်းပါးအောက်ကို ဆင်းသွားရင် ကမ်းစပ်ကိုရောက်ရော၊ ကမ်းစပ်မှာ ဝန်ကြီးချုပ်သွားဖို့ အဆင်သင့်လုပ်ထားပါတယ်"

"အေးကွယ် ကျေးဇူးတင်ပါတယ်၊ မင်းတို့ကို နှုတ်ဆက်လိုက်ပါတယ်၊ သွားပေဦးတော့"

ဦးနုသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်လျှင် ကလေးတို့သည်လည်း ရယ်မော၍ နှုတ်ဆက်ကြ၏။

ကလေးတို့ ညွှန်ပြသောလမ်းအတိုင်း မရွှေဇင်က ဖြည်းညင်းစွာဆက်၍ သွားရလေသည်။ ကမ်းစပ်သို့ ရောက်သောအခါ အညာလှေကြီးလိုကြီးမားသော လှေတစ်စင်းကို တွေ့ရ၏။ ရေများကလည်း ကြည်လင်၍တက်စပြုနေလေသည်။ လှေပတ်ဝန်းကျင်တွင်လည်းကောင်း၊ ကမ်းစပ်တွင်လည်းကောင်း၊ ဗိုလ်စိုးမြင့်ကလွဲ၍ ဘယ်သူမှ စောင့်မျှော်ကြိုဆိုနေခြင်းမရှိပေ။ ဗိုလ်စိုးမြင့်သည် မရွှေဇင်လက်ထဲမှ ခေါင်းပေါင်းအပျက်ကြီးကိုလှမ်း၍ ယူလိုက်သည်။ ဦးနုသည် ခြေဆေး၍ ကုန်းပေါင်ပေါ်သို့ တက်လိုက်သည်။ ကမ်းပါးပေါ်မှ ခြေသွားလမ်းအတိုင်း ရွာသားတစ်စုတို့ ဆင်း၍လာ၏။ မရွှေဇင်စိတ်ထဲတွင် ဝန်ကြီးချုပ်ကတော်နှင့် မမနီတို့ကို မတွေ့ရ၍စိတ်ပူလာလေသည်။

"ဝန်ကြီးချုပ်ကတော်နဲ့ မမနီတို့လည်း မလာသေးပါလား"

မရွှေဇင်သည် ဘယ်သူ့ကိုရယ်လို့ မဟုတ်၊ လှမ်း၍ မေးလိုက်၏။

"စိတ်ချလက်ချသာ သွားပါ။ မမနီနဲ့ ဝန်ကြီးချုပ်ကတော်တို့ အဆင်သင့်ပါပဲ။ အိပ်ရာလိပ်တွေ၊ ပစ္စည်းတွေကို ရွာသားတွေ သယ်ချလာပါလိမ့်မယ်"

ရွာသားများသည် မရွှေဇင်ကို လှမ်း၍ အော်ပြောလိုက်ကြ၏။ စိတ်ထဲမှ စိတ်ချသွားကာ ဤခေါင်းပေါင်း၊ ဤစောင်ကြီးတို့ကို စွန့်ကွက်ပေရခြင်းမရှိအောင် ကိုယ်ကိုထိန်းရင်း မရွှေဇင်မှာ ကုန်းပေါင်ပေါ်သို့ ဖြည်းညင်းစွာ တက်၍သွားတော့သည်။

ရေလှိုင်းငယ်များကြောင့် လှေသည် ညင်သာစွာ လှုး၍ နေပေသည်။

mgyoe.com

mgyoe.com


ဝမ်းပေါ်သို့ ခြေချလိုက်သောအခါ မရွှေဇင်ကိုယ်သည် ငြိမ့်ခနဲဖြစ်သွားကာ မျက်စိကို စုံမှိတ်ထားလိုက်တော့သည်။

မျက်လုံးဖွင့်လိုက်လျှင် မရွှေဇင်သည် အိပ်ရာပေါ်တွင် ရောက်၍နေပေသည်။ လှေကြီးကိုလည်း မတွေ့ရတော့၊ ရေတွေကိုလည်း မမြင်တော့ပေ။ အမှန်တော့ အိပ်ရာမှ လန့်နိုးခြင်းပင် ဖြစ်တော့သည်။

သူ့အိပ်မက်မှာ ဘယ်လိုအိပ်မက်ပါလိမ့်၊ မရွှေဇင်သည် အိပ်မက်ကို အံ့သြ၏။ ရေစပ်စပ်နှင့် မြက်ခင်းပေါ် ပြေးလွှားရသည်ကိုတော့ ပျော်ပါ၏။ ခေါင်းပေါ်က ခေါင်းပေါင်းကြီးမကျအောင်၊ စောင် ရေမစိုအောင် ကိုယ်ကို ထိန်းလိုက်ရသည်မှာ ယခု အိပ်ရာက လန့်နိုးသည်အထိ တစ်ကိုယ်လုံးမှာ တောင့်နေပြီး စိတ်အိုက်လိုက်သည့်ဖြစ်ခြင်း။

သူသည် သူ့အိပ်မက်ကို နောက်နေ့တွင် ရုံးသားများအားလုံးကို ပြောပြ၏။ ရုံးသားတွေက အိပ်မက်ကို ပြောပြလျှင် ရယ်မောကြသည်။ ဒေါ်နီနီကမူ "ကောင်မလေး အိပ်မက်ထဲမှာတောင် မမနီတို့၊ ဝန်ကြီးချုပ် ကတော်တို့အတွက် ပူရသေးတယ်။ တော်တော့ကို အပူအပင်များတဲ့ မိန်းကလေးပဲ"ဟု မှတ်ချက်ချရင်း သူ့ကိုယ်ကြီးကိုလှုပ်ကာ ထုံးစံအတိုင်း ရယ်မော၍နေပေသည်။

နောက်တစ်ပတ်တွင်မူ မရွှေဇင်တို့ ရုံးသားများအားလုံးကို ဝန်ကြီးချုပ်၏ ဒုတိယအတွင်းဝန် ဦးစိုးရှင်က ဝန်ကြီးချုပ်ရုံးခန်းအတွင်း ၁၀ နာရီတိတိ စုရုံးကြရန် ပြောလိုက်၏။

ဘဏ္ဍာစိုး ဦးကျော်စိန်မှအစ အိမ်တော်ဝန် ဦးကြူစိန်အထိ ဝန်ကြီးချုပ်ဝိုင်းတော်သားများသည် ရုံးခန်းတွင်းရှိ စားပွဲကို ဝိုင်း၍ ထိုင်နေကြလေသည်။ ဦးနုသည် သူ၏ ချမ်းငြိမ်သော အမူအရာရိုးရိုးကြီးနှင့်ပင် သူ့နေရာသို့ ဝင်ရောက်ထိုင်၏။ သူသည် ရုံးသားများအားလုံး၏ မျက်နှာကို တစ်ယောက်စီ လိုက်၍ကြည့်၏။ ပြီးမှ သူ့အသံအေးအေးနှင့် စတင်၍ စကားပြောလေသည်။

"ငါ ဒီလ (ဇွန်) ၁၂ ရက်နေ့ဆိုရင် ဝန်ကြီးချုပ်ရာထူးက ထွက်ဖို့ ဆုံးဖြတ်လိုက်ပြီကွယ်"

ဦးနု၏ မျက်နှာသည် စကားပြောစဉ်တွင် ပြုံးရွှင်၍ ပေါ့ပါးနေပုံရ

mgyoe.com

mgyoe.com


လေသည်။ အားလုံးမျက်နှာများကတော့ ငေးမောမှေးမှိန်၍သွားပုံရလေသည်။

"ဒီတော့ကာ မင်းတို့ထဲမှာ တချို့ကလည်း အမြဲတမ်း အစိုးရအရာရှိတွေဖြစ်တယ်၊ တချို့ကတော့လည်း ခေတ္တခန့်ထားတာသာ ဖြစ်တာကိုး။ မိရွှေဇင်တို့ဆိုရင် ငါ သဘောကျလို့သာ ခန့်ထားတာကိုးကွဲ့။ သူတို့က အမြဲတမ်း အစိုးရအရာရှိ မဟုတ်ဘူး။ ဦးကျော်စိန်ကတော့ နောက်ဝန်ကြီးချုပ်လာလည်း ဘတ္တလာအဖြစ် ဆက်လုပ်ရမယ်....။ ဘာဖြစ်လို့လဲဆိုရင် နောက်ထပ် တိုးချဲ့တဲ့ ဝန်ကြီးချုပ်ရဲ့ (ရုံးအဖွဲ့) မှာ ပါတဲ့လူ ဖြစ်နေတာကိုး။ ကိုကြူစိန်နဲ့ မမနီကလည်း အမှန်တော့ အမြဲတမ်းရာထူးထင်တယ်။ ဘယ့်နှယ့် ဦးစိုးရှင်"

"ဟုတ်ပါတယ်။ သူတို့လည်း နောက်ထပ် တိုးချဲ့တဲ့အထဲမှာ ပါပါတယ်" ဦးစိုးရှင်က ဖြေလိုက်၏။

"အေးကွယ်၊ ဒါပေမင့်လည်း ငါ့စိတ်ကြိုက် ခန့်ထားတဲ့သူတွေဖြစ်တော့ ငါခန့်ထားခဲ့လို့.... ဘိုးကြူတို့ကို နောက်ဝန်ကြီးချုပ်က ဆက်ခန့်ထားရတယ်ဆိုတာလည်း မကောင်းပါဘူး။ ဒီတော့ ဦးစိုးရှင်က သွားပြီးတော့ ဦးဗဆွေကို မေးပါကွယ်။ ဒီလူနှစ်ယောက်ကို ဆက်လက် ခန့်ထားဖို့ လိုပါသလား၊ လိုရင် ခန့်လိုက ခန့်နိုင်ပါတယ်လို့ နော်.... ငါ့လူမို့လို့၊ ငါခန့်ထားခဲ့တဲ့သူမို့ ဆက်ပြီး ခန့်ထားရတဲ့အဖြစ်မျိုးတော့ မရောက်ပါစေနဲ့နော် မောင်သန်းမြင့်အတွက်လည်း မေးခဲ့ပါ"

ဦးစိုးရှင်သည် ဝန်ကြီးချုပ်ပြောသမျှ စာအုပ်ငယ်နှင့် လိုက်၍မှတ်၏။ မရွှေဇင်ကတော့ ဦးနုမျက်နှာကို စေ့စေ့ကြည့်ရင်း "ငါ့လူမို့လို့ ဆက်ခန့်ထားရတဲ့အဖြစ် မရောက်ပါစေနဲ့ကွယ်" ထိုစကားကိုသာ ထပ်ကာထပ်ကာ ကြား၍နေမိသည်။ အသေးအဖွဲ့တွင်တောင်မှ ဦးနုသည် "ငါ့လူ- ငါ့နေရာ- ငါ့ဥစ္စာ" ဟူ၍ အခွင့်အရေးယူစိတ်၊ အာဏာပြလိုစိတ်ကို မထားခဲ့ပေ။

"ဦးစိုးရှင်နဲ့ ဒေါ်ခင်မေသိန်းကတော့ သက်ဆိုင်ရာရုံးကို ပြန်ကြရလိမ့်မယ်။ ခင်ဗျားတို့က အမြဲတမ်းဂေဇက်ဝင် အရာရှိတွေကိုး။ ဟုတ်လား"

"ဟုတ်ပါတယ်" ဒေါ်ခင်မေသိန်းသည် တုန်တုန်ယင်ယင် ဖြေလိုက်

mgyoe.com

mgyoe.com

၏။

"ကဲ.... မောင်နွဲ့နဲ့ သာအောင်ကတော့ မင်းတို့ဘာသာ စဉ်းစားကြဲ့။ ငါ ဖဆပလဥက္ကဋ္ဌလုပ်တဲ့အခါ အစိုးရအဖွဲ့က သက်တော်စောင့်နှစ်ယောက်တော့ ပေးမယ်ပြောတယ်။ အဲဒီနှစ်ယောက်မှာ မင်းတို့ကို ငါ ခေါ်ချင်တယ်။ ဒါပေမင့် မင်းတို့ဟာ တပ်ပြန်သွားမှ တိုးတက်စရာတွေရှိမယ်ဆိုရင်လည်း ပြန်နိုင်တယ်။ ငါ့ဆီမှာတော့ တိုးတက်ဖို့ အလားအလာ အခွင့်အရေးဆိုတာ မရှိဘူးနော်"

ဦးနုသည် လူငယ်များကို ခိုင်းစေရာ၌ ဘယ်တော့မှ အခွင့်အရေးကို ပြ၍ မခေါ်ခြင်းမှာ ထူးဆန်းသော သူ၏ အကျင့်ပေပဲလားဟူ၍ မရွှေဇင်က တွေးမိ၏။

"တင်တင်ညွန့်ကတော့ တခြားရုံးသွားရင် အောက်တန်းစာရေးပဲ စလုပ်ရလိမ့်မယ်။ ဒီတော့ ဒီမှာကတော့ တယ်လီဖုန်းစာရေးပေမင့် အထက်တန်းလစာ ရသားပဲ။ နေရစ်ခဲ့ပေတော့...."

တင်တင်ညွန့်သည် မျက်နှာညှိုးသွားလေသည်။

"မိရွှေဇင်ကတော့ အတွင်းရေးအတွင်းဝန်ဆိုတာ ဝန်ကြီးထွက်ရင် ထွက်ရစမြဲပဲ....။ ဒီတော့ ငါနဲ့တူတူ ထွက်လိုက်ရလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်မထွက်ပါ့မယ်"

မရွှေဇင်သည် ပေါ့ပါးစွာ ဖြေလိုက်၏။ လွတ်ပြီကျွတ်ပြီဟုလည်း စိတ်ထဲမှ ရေရွတ်မိ၏။

"ထွက်ပြီး ငါနဲ့အတူတူ...."

ဝန်ကြီးချုပ် ရှေ့သို့ စကားမဆက်ခင် မရွှေဇင်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်၍သွားလေသည်။

"ဖဆပလကို လိုက်ခဲ့ရလိမ့်မယ်"

"ဟုတ်ကဲ့...."

"အေး.... ဟိုကတော့ နိုင်ငံရေး ရုံးအဖွဲ့အစည်း ဌာနချုပ်ဆိုလေတော့ အတွင်းရေးအတွင်းဝန်လို လခကတော့ ၃၅၀ ကျပ် ရလိမ့်မယ် မဟုတ်ဘူး နော်၊ မင်းလည်း သိသားပဲကွယ်၊ ဒီကိုမလာခင် ဖဆပလမှာ တွဲဖက်အယ်ဒီတာ လုပ်တုန်းက ဘယ်လောက်ရလဲ"

mgyoe.com

"၂၀၀ ကျပ် ရပါတယ်"

"အေးလေ.... ဒါလောက်ရ တော်ရောပေါ့.... ကဲ ကဲ ဒါပါပဲ။ မင်းတို့ သွားနိုင်ပါပြီ"

အားလုံးသည် ဖြည်းညင်းစွာ နေရာမှ ထလိုက်ကြ၏။ ဒေါ်ခင်မေသိန်းသည် အပျိုပေါက်စလေးလိုပင် မျက်နှာကို မထိန်းသိမ်းနိုင်လောက်အောင် ပျက်၍နေလေသည်။ သူ ပြန်သွားရခြင်းသည် ရာထူးလျှော့သွားခြင်းလည်း မဟုတ်၊ တစ်စုံတစ်ရာ အကျိုးထိခိုက်သည်လည်း မဟုတ်ပေ။

"ကိုယ်ရောက်လာတာ ဘာမှ မကြာသေးဘူးနော်၊ ခဏလေးတွေ့ပြီး ကိုယ်တို့ ခွဲရတော့မယ်" သူသည် တီးတိုးရေရွတ်သလို ပြော၏။

"ဒါပေါ့လေကွယ်" မရွှေဇင်သည် သက်သာစွာ ဆိုလိုက်၏။ မမနီကြီးကမူ မတုန်မလှုပ် သူ့မျက်လုံးဝိုင်းထဲတွင်သာ မျက်ရည်တွေ ဝိုင်းဝိုင်းလည်နေသည်ကို တွေ့ရလေသည်။ သူတို့သည် သူတို့၏ ရာထူးဂုဏ်ဝင်ငွေကို မထိခိုက်ဘဲနှင့် ဘာကြောင့် ဒါလောက် မျက်နှာပျက်နေသည်ကို မရွှေဇင် သိပါ၏။

ဩော်.... တစ်ဦးချင်းထားအပ်သော မေတ္တာဆိုသည်က ဘာနှင့်မျှ နှိုင်း၍ မရပါတကား....။

* * *

မရွှေဇင်ကတော့ တစ်စုံတစ်ခုကို ကျေနပ်၍ နေ၏။ သူ့ကျေနပ်ခြင်းမှာ သူ့အိပ်မက် မှန်သောကြောင့် ဖြစ်ပေသည်။ မှန်သောအိပ်မက်ကို မက်ရသည် ဆိုသည်မှာ ဘာလိုလို.... တန်ခိုးပဲရှိသလိုလို၊ စိတ်ထဲမှ ကျေနပ်၏။ ပျော်၏။

အိပ်မက်ထဲမှာလိုပင် အပြင်မှာ ဦးနုက "ငါနဲ့ တူတူလိုက်ခဲ့" ဟု ဆို၏။ အိပ်မက်အကြောင်း တွေး၍ ပျော်ပြီးနောက် ရင်ထဲတွင် လေးလေးကြီး ဖြစ်၍လာပြန်၏။

အိပ်မက်ထဲတွင် ရေပွက်ငယ်များကို ဖြတ်ကျော်ကာ မြက်ခင်းပေါ်တွင် ပြေးလွှားသွားရစဉ်က ပေါ့ပါး၏။ ပျော်ရွှင်၏။ တိမ်လွှာတို့သည် ကောင်းကင်တွင် လွင့်ပျံလှုပ်ရှားနေရသလို စိတ်က လွတ်လပ်၏။ သို့သော်

mgyoe.com

mgyoe.com

ခေါင်းပေါင်းနှစ်ခု ခေါင်းပေါ်တင်လိုက်သောအခါ ခေါင်းကိုမှ ဘယ်ညာ အရမ်းမလှုပ်ရ၊ စိတ်ထဲမှာ ကျဉ်းကျပ်သွား၏။ ယခုလည်း ဝန်ကြီးချုပ်၏ အတွင်းရေး အတွင်းဝန်ဘဝက နုတ်ထွက်ရသည်ဆိုစဉ်က ပေါ့ပါးရွှင်ကြည် သော စိတ်တို့သည် ဖဆပလဌာနချုပ်တွင် လုပ်ရမည်ဆိုသောအခါ စိတ်ထဲ မှာ ကျဉ်းကျပ်၍သွား၏။ ဖဆပလဆိုသည်မှာ နိုင်ငံရေးရုံး မဟုတ်ပါလား။ လုပ်ငန်းသည် အစိုးရအလုပ်ကဲ့သို့မဟုတ်၊ ပုံသေကားကျလည်း မရှိ။ သိပ် လွယ်လှမည် မထင်ပေ။

မရွှေဇင်သည် ဖဆပလဌာနချုပ်က ထွက်လာခဲ့စဉ်က လခစား တစ်ယောက်လိုပင် အလုပ်ပြောင်းကာ လာခဲ့ခြင်းဖြစ်၏။ ယခု ဦးနုနှင့်အတူ ဖဆပလသို့ ပြန်ဝင်လာခြင်းမှာ လခစားတစ်ယောက်ကဲ့သို့ မဟုတ်ပေ။ နိုင်ငံရေးသမားယောင်ယောင်ဘဝဟု ထင်သည်။ "ထင်သည်" ဆိုရာ၌ ဘာမှ မရေရာခြင်းဖြစ်၏။ ဝန်ကြီးချုပ်၏ အတွင်းရေးအတွင်းဝန်ဘဝ ဆိုသည်ကလည်း အစိုးရအရာရှိယောင်ယောင် ဖြစ်၏။ အစစ်ကား မဟုတ် ပါပေ။

တစ်ချိန်သောအခါက "အစိုးရလခစားဟူသမျှ စာပေရေးသားနေလျှင် ပြည်ထဲရေးဌာနတွင် မှတ်ပုံတင်ရမည်" ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့် တစ်ရပ် ထွက်လာ၏။ ထိုအမိန့်စာကို ဖတ်ရလျှင် စာရေးဆရာဖြစ်ချင်လှသော မရွှေဇင်သည် ပြည်ထဲရေးဌာနတွင် မှတ်ပုံတင်ရန် စုံစမ်းသောအခါ ပြည်ထဲ ရေးဝန်ကြီး ဗိုလ်ခင်မောင်လေး၏ အတွင်းရေး အတွင်းဝန် ဦးရွှေမောင်က ဤသို့ဆို၏။

"ဒေါ်ရွှေဇင်၊ ခင်ဗျားဟာ အစိုးရအရာရှိမဟုတ်ဘူးဗျ။ ခင်ဗျားရာထူးက (နိုင်ငံရေးသမားရာထူး) (Political appointment) ပဲ။ ဒီတော့ မှတ်ပုံ တင်ဖို့မလိုဘူး။ လွတ်လွတ်လပ်လပ် ရေးနိုင်ပါတယ်"

ထိုသောအခါမှ မရွှေဇင်သည် တစ်ယောက်တည်း ကျိတ်၍ ရယ်မိ၏။ "သြော်.... ငါဟာ နိုင်ငံရေးသမားဆိုပါကလား" ဟု စိတ်ထဲမှလည်း ရေရွတ် မိပြန်သည်။ လောကကြီးနှယ် ဖြစ်ချင်သည်များကို မဖြစ်ရ။ မဖြစ်ချင်သည် ကို ဖြစ်ရပါ၏။ ယခု ဖဆပလဥက္ကဋ္ဌကြီး၏ အပါးတော်မြဲဆိုတော့ သာ၍ပင် နိုင်ငံရေးသမားလို လုပ်ရပေဦးမည်။ တကယ်တော့ မရွှေဇင်သည် နိုင်ငံရေး၏

mgyoe.com

mgyoe.com

အရိုပ်သုံးပါးကို ဘာမှ နားမလည်ပါပေ။

ဩော်.... ဘယ်သောအခါ "စာရေးဆရာ" အဖြစ်ကို ရပါမည်နည်း။

* * *

ဦးနုသည် ရာထူးမှမထွက်ခင် အစွမ်းကုန် ကျွေးမွေး၍နေလေသည်။ ညတိုင်းလိုလို ထမင်းကျွေး၍ ညနေတိုင်း လက်ဖက်ရည်တိုက်၏။ သူ့ကိုတော့ မည်သူတစ်ဦးတစ်ယောက်ကမျှ နှုတ်ဆက်ပွဲ "Fare well" အနေ၊ ကျင်းပပြုလုပ်ခြင်းမလုပ်ရန် ပြောကြားထားရုံမက လက်လည်း လက်မခံခဲ့ပေ။

ဘုတ်အဖွဲ့တိုင်းလိုလိုကိုလည်း ထမင်းကျွေးမွေးရင်း သူရှိစဉ်ကကဲ့သို့ ပင် ကြိုးပမ်းဆောင်ရွက်ဖို့ မှာကြား၏။ သတင်းစာတိုက်များကိုလည်း သူ ထွက်ခြင်းသည် မည်သူ၏ ပယောဂမှ မပါ၊ သူ့ဆန္ဒအရ ဖဆပလကို ပြန်လည်စည်းရုံးလိုခြင်း၊ ပင်ကိုက ရာထူးကို လက်မခံလိုခြင်း စသော အကြောင်းတို့ကြောင့် ထွက်ခွာလာကြောင်း ထပ်ခါတလဲလဲ ဆို၏။

သူထွက်သွားသောအခါတွင် တချို့သော သတင်းစာတို့က ဂယက်ရိုက်ကာ ထင်ကြေးအမျိုးမျိုးနှင့် ရေးသားကြလျှင် သူ၏ လုပ်ဖော်ကိုင်ဖက်များကို ထိခိုက်အထင်လွဲမှားစရာ မဖြစ်ရအောင် ဦးနုသည် သေသပ်ပိရိစွာ အားလုံး စီစဉ်ခဲ့ပေသည်။

ထွက်ရခါနီးဆဲဆဲတွင် ညဥ့် ၁၁ နာရီ၊ ၁၂ နာရီတိုင်အောင် ချက်ရ ပြုတ်ရ ကျွေးရ မွေးရ အလုပ်များသော်လည်း မမနီရော မရွှေဇင်ပါ လုပ်ရကိုင်ရသည်ကို ပေါ့ပါး၍နေပေသည်။ အမှန်အတိုင်း အစိုးရမှ ဧည့်ခံစရိတ် ၁၀၀၀ ကျပ် လစဉ် ဝန်ကြီးချုပ်အတွက် ပေးသော်လည်း အင်္ဂလိပ်နေ့လယ်စာမျိုး နှစ်ခါလောက် ကျွေးလိုက်လျှင် ငွေ ၁၀၀၀ ကျပ်မှာ ချော၍သွားလေသည်။

ဦးနုသည် တစ်ခါတစ်ရံ လူ ၁၅ ယောက် ၂၀ ပါသော အင်္ဂလိပ်နေ့လယ်စာမျိုးကို တစ်လလျှင် သုံးခါလောက်ကျွေး၍ ထိုလထဲမှာပင် လူ ၁၀၀၊ ၂၀၀ ပါသော ညစာများကိုလည်း တစ်ပတ်တစ်ခါလောက် ကျွေးလိုက်သေးသည်။ ဧည့်ခံစရိတ် ငွေ ၁၀၀၀ ကျပ်မှာ ဘယ်လိုမှ မလောက်တော့ပေ။

mgyoe.com

mgyoe.com

ထိုသို့ မလောက်လျှင် ရုံးကို တာဝန်လွှဲလျှင်ရသော်လည်း ဦးနုက မလွှဲပေ။

"အစိုးရမှာ ငွေကုန်ကြေးကျ များနေတယ်၊ မလွှဲပါနဲ့။ ရုံးက ငွေ မတောင်းပါနဲ့။ ဘိုးနီပဲ ကြည့်စီစဉ်ပါဦး"

ဦးနုကဆိုလျှင် မမနီသည် သူ့တပည့်လက်သားများနှင့် ကြည့်၍ စီစဉ်ရ၏။ ကုန်ကျငွေကိုလည်း ဦးနု၏အိတ်ထဲမှ စိုက်ထုတ်သုံးစွဲရလေသည်။ အကယ်၍ ရုံးကပင် ကုန်ကျရသည်ထားဦး။ "ဆန်း" တို့၊ "စထရင်း" ဟိုတယ်တို့သို့ အော်ဒါမှာလျှင် အစိုးရငွေ ပိုကုန်မည်စိုး၍ အိမ်တွင်ပင် မမနီက စီစဉ်ရသည်။ အလွန်ကြီးကျယ်သော အခမ်းအနားများကျမှပင် ဟိုတယ်များသို့ မှာကြားပေသည်။

ဝန်ကြီးချုပ်အိမ်ဆိုသည်မှာ ခမ်းနားတင့်တယ်ရပေမည်။ နိုင်ငံခြားသားတို့ ဝင်ထွက်သွားလာလျှင် မျက်စိပသာဒဖြစ်အောင် မွမ်းမံခြယ်လှယ်ဖို့ လိုသည်ကို အိမ်တော်ဝန် ဦးကြူစိန်က သိ၏။ သူသည် ဝန်ကြီးချုပ်အိမ်ကို အလှပြင်လိုသော်လည်း ခန်းဆီးစလေးတစ်စ အသစ်ပြောင်းသည်ကိုပင်....

"ဟေ့.... အမယ်လေး ကိုကြူစိန် အစိုးရမှာ ငွေကျပ်တည်းနေချိန်ကွယ် လျှော့စမ်းပါ၊ လျှော့စမ်းပါ။ ဒါတွေ မလုပ်စမ်းပါနဲ့၊ အိမ်ဆိုတာ သန့်ရှင်းရင် ပြီးရောပေါ့။ တို့က ဘာလုပ်ပေးရမယ်ဆိုရင် အိုးအိမ်ပြန်လည်ထူထောင်ရေး ဌာနက လုပ်ပေးရမှာပဲ။ ဒါပေမင့်ကွယ် တို့က အလိုက်သိရမှာပေါ့။ ဘဏ္ဍာတော် အခြေအနေမကောင်းခင် ခြိုးခြံရမယ်.... မလုပ်နဲ့.... မလုပ်နဲ့"

မရွှေဇင်တို့ရုံးလေး အသစ်ဆောက်စဉ်က ကျွန်းရှာထိုး ခင်းသည်ကိုပင်။

"ဟေ့.... ဘိုးကြူ ပြောလို့မရဘူးလားကွယ်၊ ဒါလောက် အဖိုးတန်ကြီး ဒီရုံးမှာ သုံးလို့ကွယ်၊ သိပ်နမြောစရာကောင်းတာပဲ။ ရိုရိုသေသေ ခြေသုတ်တကက်ကြကွဲ့။ မင်းတို့ပစ္စည်းမဟုတ်ဘူးနော်၊ အစိုးရပစ္စည်း"

ကြာတော့ ဦးကြူစိန်သည်လည်း မလှုပ်သာတော့၊ ဦးနု၏ ဝန်ကြီးချုပ်အိမ်ကြီးကလည်း ဘာမှ အဆင်တန်ဆာမရှိ။ ဘုန်းကြီးကျောင်းသာသာကြီး လို ဖြစ်၍နေပေသည်။ မီးပွင့်တစ်ခု၊ ပန်ကာတစ်ရွက်ကိုပင် ဧည့်သည်မရှိဘဲ ဖွင့်ထားသည်ကို မကြိုက်ပေ။ ဦးနုသည် သူ့အိတ်ထဲမှ ငွေကို ရေလိုသုံးသော်လည်း အစိုးရပစ္စည်း၊ အစိုးရပိုက်ဆံနှင့် ဖြစ်လာလျှင် စစ်စစ်ထိမခံပေ။

mgyoe.com

mgyoe.com


အယ်ဒီတာများကို နှုတ်ဆက်ပွဲ ထမင်းကျွေးသည့်နေ့က မိတ်ဆွေတစ်ယောက်နှင့် စကားစပ်မိရင်း မော်တော်ကားအကြောင်းကို ရောက်၍သွား၏။ မိတ်ဆွေက မရွှေဇင်တို့ ငွေကုန်ခံ၍ ကားမဝယ်သင့်ကြောင်း၊ အစိုးရက ဝန်ကြီးချုပ်ကို ပေးထားသောကားထဲမှ သုံးလျှင်လည်း ကားကို သုံးနိုင်ကြောင်းပြော၍ ပြနေလေသည်။ မရွှေဇင်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်လျှင် ထိုသူသည် လန့်၍သွားသလို ကြောင်၍ ကြည့်နေလေသည်။

"ဝေးသေးတယ်"

မရွှေဇင်က ဆို၏။

"ဘာပြောတယ်ဗျ.... ကျွန်တော် နားမလည်ဘူး"

"ကျွန်မတို့ ကားဝယ်ရတာကတော့ ကိုယ်ရေးကိစ္စလည်း သုံးချင်တယ်။ သန်းခေါင်ညဥ့်နက် ရုံးဆင်းရတဲ့အချိန်တွေမှာ ကိုယ့်ကားနဲ့ကိုယ်ဆိုလွယ်ကူတာပေါ့၊ ဝန်ကြီးချုပ်ကို ပေးတဲ့ကားက အစိုးရဓာတ်ဆီနဲ့သုံးရတာဒီကားကို ကျွန်မတို့ကိုယ်ပိုင်အတွက် ယူသုံးရင် ဘယ်တရားမလဲ၊ အစိုးရဘဏ္ဍာတော်ကို အလွဲသုံးစားပြုရာရောက်တယ်လို့ ဝန်ကြီးချုပ်ကလည်းပြောတယ်....။ ဒါကြောင့် ကျွန်မတို့ဟာ အင်မတန်အရေးကြီးတဲ့ အစိုးရကိစ္စက လွဲလို့ ဝန်ကြီးချုပ်အတွက် ပေးထားတဲ့ ဂျစ်ကားတွေကို မသုံးပါဘူး။ သုံးမိရင်လည်း ချက်ချင်း အိတ်ထဲက ဓာတ်ဆီတစ်ဂါလန်ဖြစ်ဖြစ်၊ နှစ်ဂါလန်ဖြစ်ဖြစ် ကိုယ်သွားတဲ့ခရီးကို တွက်ပြီးထည့်လိုက်တာပဲ မယုံရင် ချင်းဒရိုင်ဘာလေးတွေ မေးကြည့်ပါလား"

"ဟား.... ဟား.... ဟား.... ဟား"

ဒီတစ်ခါ သူ့အလှည့်ပေလားမသိ။ မိတ်ဆွေသည် ဟက်ဟက်ပက်ပက်ရယ်မောလေ၏။ မရွှေဇင်မျက်နှာကတော့ ခပ်ကြောင်ကြောင် ဖြစ်၍သွားရပြန်သည်။

"ရှင်က ဘာကိုရယ်တာလဲ"

"ဟား....ဟား.... ဟား ဟား" သူသည် အတောမသတ် ဆက်၍ရယ်ပြီးမှ စကားကို စပြန်သည်။

"အပြင်တချို့ရုံးတွေမှာလေ ရုံးကားကို အစိုးရဓာတ်ဆီထည့်ပြီး

mgyoe.com

mgyoe.com


ယောက္ခမကြီး ဥပုသ်စောင့်ပို့ရတာတွေ၊ မိန်းမတို့ သမီးတို့ (Shopping) တခမ်းတနား ဈေးဝယ်လိုက်ပို့ရတာတွေ၊ ကလေးတွေ ကျောင်းပို့ရတာတွေ၊ ပြီးတော့ တချို့အရာရှိမင်းများကို ကလပ်တို့၊ အငယ်အိမ်တို့ကို ပို့ရတာတွေ.... အမယ်လေး အဲဒါတွေကို ခင်ဗျားတို့ ဦးနုကြီးမြင်စေချင်တယ်ဗျာ၊ ဦးနုသာမြင်ရင် ရင်ကျိုးမှာ၊ ကျုပ်က ခင်ဗျားတို့ရဲ့အဖြစ်ကို သိပ်ရယ်ချင်လို့ ရယ်တာပါဗျာ၊ အပြင်ရုံးတွေအကြောင်း မယုံရင် ဒရိုင်ဘာတွေ မေးကြည့်ပါလား"

သူကလည်း မရွှေဇင်စကားလုံးအတိုင်း ပြန်၍ ပြောပြန်သည်။

"ဦးနုဟာ အဲဒီအပြင်ရုံးတွေအကြောင်း မသိဘူးလို့ ရှင် ဘယ့်နှယ့်ပြောနိုင်မလဲ"

"အေးလေ သိရင် ခင်ဗျားတို့လည်း သုံးခွင့်ပြုပေါ့"

"အို.... သူက တမင်လုပ်ပြနေတာ ဖြစ်ချင်လည်းဖြစ်မယ်၊ 'မင်းတို့ဟာ ဒါလောက် အစိုးရဘဏ္ဍာကို သုံးချင်ဖြုန်းချင်လှတာ ငါက အကင်းဆုံးနေပြမယ်ဆိုပြီး' သူ့လူတွေကိုလည်း ဒီပုံချိုးပြတာ မဖြစ်နိုင်ဘူးလား.... တကယ်လို့သာ ဦးနုက စဖောက်ပြီး အစိုးရပစ္စည်းကို အလွဲသုံးစားလုပ်ပြမယ်ဆိုရင် ကျန်တဲ့လူတွေက ဒါထက် ဆိုးလာမှာပေါ့။ ဘဏ္ဍာတော်ငွေတွေဟာ ဟိုစကားလိုပဲ။ ခြတွေကြားထဲ ထင်းရှူးပုံးချလိုက် ပြိုက်ခနဲ ကုန်မှာပေါ့"

"ဒါတော့ ဒါပေါ့လေဗျာ၊ ဒါပေမင့် ခင်ဗျားတို့ ခုလို အစိုးရဓာတ်ဆီကုန်မှာစိုးလို့ ကုန်းကြောင်းလျှောက်ပြ၊ ရုံးကငွေ ကုန်မှာစိုးလို့ ကိုယ်တိုင်ချက်ပြုတ်နေကြလို့ လူတွေက ခင်ဗျားတို့ကို သနားမယ်အောက်မေ့လို့လား၊ ဦးနုကိုလည်း ခါးစည်းပြီး မနက် ၃ နာရီကထပြီး ညဥ့် ၁၂ နာရီအထိ အလုပ်လုပ်နေလို့ ပရိသတ်က သနားမတဲ့လား၊ ဘယ်သူကမှ ရိုက်ခိုင်းတာလည်း မဟုတ်ဘူး။ မင်းတို့မိုက်လို့ မင်းတို့ခံရတာလို့ပဲ ပရိသတ်က ပြောဦးမှာ မဟုတ်ဘူးလား။ ကျုပ်တော့ ခင်ဗျားတို့ကို မသနားပေါင်ဗျာ၊ ချဥ်တောင်ချဥ်သေးတယ်"

သူသည် မဲ့၍ပြလျှင် မရွှေဇင်က ရယ်ချင်လာ၏။ "ဘယ်သူ့သနားအောင်မှလည်း လုပ်ပြနေတာမဟုတ်ဘူး။ ကျွန်မတို့ကို အစိုးရက လခ ၃၅၀ ကျပ် ပေးထားတယ်၊ ဒါကို ကျေပွန်အောင်လုပ်ရမှာပဲ....။ ပြီးတော့လည်း

mgyoe.com

mgyoe.com

ဖြုန်းဖြုန်းကျပြီးနေတဲ့ လေ့ကွဲကြီးနဲ့တူနေတဲ့ ဒီတိုင်းပြည်ကို ကိုယ့်လက်ညှိုး တစ်ကော်စာပဲ တတ်နိုင်ပါစေ၊ ပွဲ့လျက်ကိုယူပြီး ဖာရမှာပဲ။ ဦးနုကလည်း ဒါကိုပဲ လိုချင်လို့ ကျွန်မတို့ကို (Drive) လုပ် နှိုးဆော်ပေးနေတာပဲ။ ထွက်သွားကြရတဲ့တစ်နေ့ တို့များ လုပ်ခဲ့တာတွေဟာ နစ်လုဆဲဖြစ်နေတဲ့ လေ့ကြီးကို ဝိုင်းဖောက်ရာမှာ မပါခဲ့ပါလားလို့ ပီတိအဖြစ်နဲ့ ပြန်တွေးရတဲ့ အရသာတစ်ခုတော့ ရမှာပေါ့။ အဲဒီပီတိဟာ ဘဝရဲ့အသက်ပဲ"

သူသည် မရွှေဇင်စကားကို နားထောင်နေသော်လည်း အဝေးသို့ ငေးစိုက်ရင်း တစ်စုံတစ်ရာ တွေးခေါ်နေပုံရလေသည်။

"ကျုပ် မျက်စိထဲမှာတော့ ခင်ဗျားက အဲဒီလိုပြောရင်း ဘာတွေ မြင်တယ် အောက်မေ့လဲ၊ တငွေ့ငွေ့မီးလောင်သွားတဲ့ စပါးပုံတွေ၊ အစိုးရ အရာရှိနဲ့ ကုန်သည်ပေါင်းပြီး ခိုးတဲ့သစ်တွေ၊ ပြီးတော့ သူတို့အမှုတွေ ပေါ်မှာစိုးစိုးပြီး သတ်ပစ်တဲ့လူတွေ.... အိုလေ.... ပြောမဆုံးပါဘူး။ တစ်နေ့ လူ့လောကကြီးဟာ ပြန်လည်ကောင်းဦးမယ်လို့ ခင်ဗျား မျှော်လင့်သေးလား"

သူသည် အားလျော့စွာ မေးလိုက်ပြန်၏။

"မျှော်လင့်သေးတယ်"

"ခင်ဗျားမျှော်လင့်တယ်ဆိုတာ ဟန်ဆောင်ပြီး အစိုးရအရာရှိ တစ်ယောက်အနေနဲ့ ပြောနေတာလား"

သူသည် မရွှေဇင်မျက်လုံးကို စေ့စေ့ကြည့်ကာ စေ့ငလိုဟန်နှင့် မေးပြန်၏။

"အို.... ဝန်ကြီးချုပ်ဆီမှာ လုပ်လာခဲ့တဲ့ ရှစ်နှစ်လုံးလုံး ကိုယ့်ကိုယ်ကိုယ် အစိုးရအရာရှိလို့ တစ်ခါမှ မထင်ခဲ့ဘူး။ မထင်လို့ ခပ်လွတ်လွတ် လျှောက်လုပ်မိလို့ ခဏခဏ သတိပေးခံခဲ့ရဖူးတယ်။ ကျွန်မအနေနဲ့ ယုံကြည်ပါသေးတယ်။ လောကကြီး ပြန်လည်ကောင်းဦးမယ်လို့ မျှော်လင့် သေးတယ်။ ဘာဖြစ်လို့လဲဆိုရင် ဘုရားသခင်ရဲ့ တရားတော်တွေ အဆုံးအမဒေသနာဆိုတဲ့ သာသနာရှိနေသေးသရွေ့ လူတွေရဲ့စိတ်ကို ပြင်နိုင်ပါသေးတယ်"

"ကျုပ်တော့ မထင်ပေါင်ဗျာ၊ သွားဦးမယ်၊ သွားဦးမယ်။ အများ မိုးခါးရေသောက်ပြီး ရွှေပုံပေါ်ထိုင်နေချိန်မှာ ခင်ဗျားတို့သာ ထမင်းရည်

mgyoe.com

mgyoe.com

သောက်ပြီး အစိုးရဘဏ္ဍာတော်ကို သစ္စာရှိစွာနဲ့ စောင့်ရှောက်နေကြပေတော့ဗျား"

မိတ်ဆွေသည် ထီးကို ချိုင်းကြားညှပ်ကာ မရွှေဇင်အပါးမှ ထွက်ခွာ၍သွားတော့သည်။ စိတ်ထဲမှာတော့ မကောင်းပေ။ မတရားသဖြင့် လုညံ့၍ ကိုယ်ကျိုးအတွက်သာ ယခုလို ငွေတွေကို "ကဲ့"ယူနေကြလျှင် ထိုင်နေရသော ရွှေပုံကြီးကကော မည်မျှကြာကြာ ခံပါမည်နည်း။

* * *

"ဟော့.... ငိုင်မနေနဲ့ မရွှေဇင်.... ညကျရင် အယ်ဒီတာတွေကို ဘဲပေါင်းကျွေးဖို့ ဘဲမရသေးဘူး...."

ဒေါ်နီနီလာပြောတော့မှ မရွှေဇင်သည် သတိရ၍လာ၏။ နှစ်ယောက်သား ဈေးသို့ ထွက်လာခဲ့ကြ၏။ သံဈေး ဘဲသားရောင်းသော ဆိုင်ရှေ့များတွင် နှစ်ယောက် လမ်းလျှောက်နေကြသော်လည်း ခြေများက ခနော်ခနဲ့နှင့် ယိုင်ချင်နေသည်။ မျက်လုံးများကလည်း စင်းချင်လာပေသည်။ ညဥ့်တိုင်းလို ၁၁ နာရီလောက်အထိ လုပ်ကြရသည်မှာ သိပ်ညဥ့်နက်လှသည်မဟုတ်သော်လည်း ခန္ဓာကိုယ်က ပင်ပန်းနေ၍ လူတွေမှာ ငိုင်ချင်ကြသည်။

တရုတ်လှမ်းပေးသော ဘဲခြောက်ကောင်ကို လှမ်းယူလိုက်ရင်း ကားရှိရာသို့ ထွက်လာကြ၏။ မရွှေဇင်နားထဲတွင် မိတ်ဆွေပြောသည့် စကားများကိုသာ ကြားယောင်နေလေသည်။

"မမနီရယ်.... ခုန ကျွန်မမိတ်ဆွေက ပြောသွားတယ်....။ သူများတွေ မိုးခါးရေသောက်ပြီး ရွှေပုံပေါ်ထိုင်နေကြချိန် ခင်ဗျားတို့ ထမင်းရည်သောက်နေတဲ့" မရွှေဇင်သည် စကားကို အဓိပ္ပာယ်မပြည့်မစုံ ပြောလိုက်၏။

"တို့က ခုလို အပင်ပန်းခံတာဟာ ဦးနုအတွက် ဦးနုရဲ့ပိုက်ဆံကုန်မှာစိုးလို့ မဟုတ်ဘူး။ ရုံးက အစိုးရငွေကုန်သက်သာပါစေတော့လို့ လုပ်ပေးတာပဲလို့ မရွှေဇင်က ပြောလိုက်ပါလား။ တမင် ကျွန်မတို့က တစ်ဖက်ကနေ ချွေတာပေးရတာပေါ့....။ ဒါမှ တစ်ဖက်က ဗုန်းချင်၊ ခိုးချင်တဲ့သူတွေ စားဖို့သောက်ဖို့ စုဆောင်းပေးသလိုဖြစ်မှာလို့ ပြောလိုက်ပါလား"

သူသည် သူ့စကားကို ဘယ်လိုသဘောကျမှန်းမသိဘဲ ဟက်ဟက်

mgyoe.com

mgyoe.com

ပက်ပက် ရယ်မော၏။

အိမ်ရောက်လျှင် ဘဲပေါင်းအိုး တည်ချိန်သည် နောက်ကျ၍နေလေသည်။ တဖြည်းဖြည်း မိုးချုပ်၍ ၇ နာရီနီးလာသော်လည်း ဘဲသားတုံးများက မနူးကြပေ။ မမနီသည် မီးဖိုနားတွင် ပျာယာခတ်လာ၍ ဦးကြူစိန်ကလည်း "ဟော့.... မကျက်သေးဘူးလား၊ ကျွေးဖို့နီးလာပြီ" ဟုဆို၏။ အရေးထဲထင်းများက ရေစို၍ မရွှေဇင်သည် ကုန်း၍ မှုတ်ရ၏။

မကျက်နိုင်သော ဘဲပေါင်းအိုးကြီးကို မီးအပြင်းထိုးရင်း မရွှေဇင်သည် စိတ်မောနေ၏။

"တော်ကြာ သတင်းစာဆရာတွေဆိုတာ အခက်သား။ ထမင်းစားပြီး နောက်နေ့ကျရင် ဝန်ကြီးချုပ်အိမ်က ဘဲသားဖွဲ့လို့မရဘူးလို့ သတင်းစာထဲ ရေးချင်ရေးတတ်တာ"

မရွှေဇင်က စိုးရိမ်စွာ ပြောလိုက်၏။ ဒေါ်နီနီ၏ မျက်နှာက ချွေးသီးချွေးပေါက်များ ကျ၍လာလေသည်။ "နောက်ထပ် ၄၅ မိနစ်လောက် အချိန်ရရင် ဘဲသားက နူးမှာ" ဟု သူက ဆို၏။

စကားပြောရင်းဆိုရင်း ဖြုတ်ခနဲ မီးလုံးများ ငြိမ်း၍သွားကြ၏။

"ဟာ.... ကောင်းတာပဲ ဘယ်နည်းနဲ့ဖြစ်ဖြစ် မီးပြန်လင်းမှ ဝန်ကြီးချုပ်က အယ်ဒီတာတွေကို ထမင်းကျွေးမှာ.... ဘုရားသကြားမလို့ အာ– အီး– အက်စ်– ဘီ က မီးဟာ နောက်ထပ် ၄၅ မိနစ်တိတိ ပျက်နေပါစေဘုရား"

မရွှေဇင်သည် အားရပါးရ ပြောကာ ဆုတောင်းလိုက်၏။ ဦးကြူစိန်သည် သုတ်သီးသုတ်ပျာနှင့် မီးပြင်သူများကို ခေါ်ရန် ထွက်သွား၏။

"အိမ်က မီးပျက်တာ မဖြစ်ပါစေနဲ့.... အိမ်ကဆိုရင် ချက်ချင်း ပြင်ရမှာ၊ စက်ရုံက ပျက်ပါစေ" ဒေါ်နီနီကပါ ဆုတောင်းပြန်၏။ ဤလိုသာ တောင်းသည့်ဆုနှင့် အရာရာပြည့်စုံလျှင် ဘယ်လောက်များကောင်းမလဲဟု မရွှေဇင်က တွေးမိ၏။ အဘယ်ကြောင့်ဆိုသော် ၄၅ မိနစ်မက ကျော်ကာ မီးမလာတော့သောအချိန်၌ ဝန်ကြီးချုပ်က ဖယောင်းတိုင်ထွန်း၍ ထမင်းကျွေးရန် ဦးကြူစိန်ကို မှာလိုက်၏။

ထိုအခါတွင် ဘဲသားတို့သည်လည်း နူးနပ်ပျောင်းအိ၍ နေကြလေပြီ။

* * *